ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ သောကြာနေ့၊ (21-12-2007) (၅၅၃၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာအံ့ထူးကံသာဆုတောင်းပြည့်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို

နေပြည်တော် ဒီဇင်ဘာ ၂၀

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၈ရက် ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်စေတီတော်သို့ သွားရောက်ပြီး မဟာအံ့ထူးကံသာဆုတောင်းပြည့်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အလှူငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ၂၀၀၇ခုနှစ် မဟာအံ့ထူးကံသာဆုတောင်းပြည့်စေတီတော် တန်ဆောင်တိုင်ပွဲတော်ဆုရဓာတ်ပုံများကို ကြည့်ရှုကြသည်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာအံ့ထူးကံသာဆုတောင်းပြည့်စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (အပေါ်ပုံ)**နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၇ခုနှစ် မဟာ အံ့ထူးကံသာဆုတောင်းပြည့်စေတီတော် တန်ဆောင်တိုင်ပွဲတော်ဆုရဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။** (ဝဲပုံ) (သတင်းစဉ်)



ပုဂံ၊ အထက်ချင်းတွင်းနှင့် တိုင်းရင်းသား သွေးချင်းများ၏ ဒေသအသီးသီးတို့မှ ရှုခင်းမြင်ကွင်းများကို ပန်းချီနှင့် ဓာတ်ပုံ အနုပညာရှင် သုံးဦးဖြစ်သည့် မောင်မောင်လှမြင့်၊ စိန်မျိုးမြင့်နှင့် မင်းဝေအောင်တို့က ခံစားခြယ်မှုန်းတင်ပြထားကြသည့်–
*"**ခရီးသည်–၂၀၀၇**" ဓာတ်ပုံနှင့် ပန်းချီပြပွဲအကြို*
[သတင်းအပြည့်အစုံ။ စာမျက်နှာ–(၇)]

ကြေးမုံ The Mirror — ယနေ့ သတင်းအညွှန်း

အမေရိကန်စစ်စခန်း တိုးချဲ့မှုအပေါ် အီတလီတို့ ကန့်ကွက်ဆန္ဒပြ စာမျက်နှာ–၄

မဂ္ဂိုမအလင်းဇာတ်ကား မဟာဂန္ဓာရုံကျောင်းတိုက်တွင် အောင်မြင်စွာ ရိုက်ကူးခဲ့ စာမျက်နှာ–၅

ငွေကြာယံပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်အား မြို့တော်ဝန် ဖူးမြော် စာမျက်နှာ–၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၁-၁၂-၂၀၀၇
(သောကြာနေ့)

သိပ္ပံနှင့်နည်းပညာကဏ္ဍ မြင့်မားရေးကြိုးပမ်း ခေတ်မီတပ်မတော်တည်ဆောက်ရေးတွင် ပါဝင်ထမ်းဆောင်

"တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာတိုးတက်မြင့်မားရေးနဲ့ ခေတ်မီ တပ်မတော်တည်ဆောက်ရေးမှာ အားကြိုးမာန်တက် ပါဝင် ထမ်းဆောင်ကြပါ၊ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို အသက်ပေးစောင့်ထိန်းမယ့် မျိုးဆက်သစ် ခေါင်းဆောင်များဖြစ် အောင် ကျင့်ကြံဆောင်ရွက်ကြပါ၊ တပ်မတော်ရဲ့ သိပ္ပံနဲ့ နည်းပညာ အခန်းကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်တဲ့ နည်းတူ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်း တည်ဆောက်ကြပါ"

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၁၉ ရက်နေ့က ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေး ပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး ကြီးသန်းရွှေ တက်ရောက်ပြီး မိန့်ခွန်းပြောကြားရာ၌ အင်ဂျင်နီယာ ခေါင်းဆောင်ငယ်များအား အထက်ပါအတိုင်း မှာကြားသည်။

မျက်မှောက်ကမ္ဘာတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက် ဖြစ်ထွန်းမှုများသည် နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းမိုးကြီးစိုးလျက် ရှိသည်။ စစ်ဘက်သိပ္ပံနှင့် နည်းပညာရပ်များ တစ်နေ့ထက်တစ်နေ့ တိုးတက်ဆန်းသစ်လာလျက်ရှိရာ ခေတ်မီတပ်မတော် တည်ဆောက်ရေး တွင်ပါဝင်ထမ်းဆောင်ကြမည့် အင်ဂျင်နီယာခေါင်းဆောင်များ၏ အရည် အချင်းနှင့်စွမ်းရည်များ ခေတ်နှင့်အမီ တိုးတက်မြင့်မားနေစေရေး အား ထုတ်ကြိုးပမ်းနေကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကို အပြည့်အဝ ကာကွယ်စောင့် ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မား သည့် ခေတ်မီတပ်မတော်ကို တည်ဆောက်လျက်ရှိသည်။ ခေတ်မီ တပ်မတော်အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်း အမြစ်များ မွေးထုတ်ပေးလျက်ရှိရာတွင် တပ်မတော်နည်းပညာ တက္ကသိုလ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ တပ်မတော်နည်းပညာ တက္ကသိုလ်မှ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် တပ်မတော်သိပ္ပံနှင့် နည်းပညာကဏ္ဍ အတွက် စစ်ဘက်အင်ဂျင်နီယာ ခေါင်းဆောင်ငယ်များဖြင့် အားသစ် လောင်းဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်သည်။

သင်တန်းဆင်းအင်ဂျင်နီယာ ခေါင်းဆောင်ငယ်များသည် အင်ဂျင် နီယာ အတတ်ပညာရှင်များဖြစ်သည်နှင့်အညီ ခေတ်မီတပ်မတော်တည် ဆောက်ရေးတွင် အဓိကပါဝင်ထမ်းဆောင်ရင်း နိုင်ငံတော်ကာကွယ်ရေး၊ လေ့ကျင့်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင် သွားကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် တိုးတက်ဆန်းသစ်လာ လျက်ရှိသည့် စစ်ဘက်သိပ္ပံနှင့် နည်းပညာရပ်များကိုလည်း စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရမည်ဖြစ်သည်။

တပ်မတော်အင်ဂျင်နီယာ ခေါင်းဆောင်ငယ်များသည် စိတ်ဓာတ် မွန်မြတ်၊ စည်းကမ်းကောင်းမွန်သည့် တပ်မတော်၏ အစဉ်အလာကောင်း များနှင့်အညီ အတတ်ပညာရှင် သားကောင်းရတနာများအဖြစ် ကြိုးပမ်း အားထုတ်ရင်း နိုင်ငံတော်ကို စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက် သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြား သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန် မြို့ ဗဟန်းမြို့နယ် အင်းယားမြိုင်လမ်းနေ ဦးခင်မောင်အေး-ဒေါ်စိန်စိန်ရီ၊ သား မောင်မိုးဇော်အေး၊ သမီး မစုမြတ်နိုးအေး မိသားစုက အလှူငွေကျပ် တစ်သိန်းကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူ လမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်တေဇိန္ဒ (Ph.D)(Thesis)သာသနဓဇဓမ္မာစရိယ(ဗုဒ္ဓဂယာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ပြည်သူ့ သဘောထား	★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။ ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပဲခူးတိုင်း ဒီဇင်ဘာလူထုအားကစားလ လမ်းလျှောက်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဇနီးတို့ ပါဝင်ဆင်နွှဲ

ပဲခူး ဒီဇင်ဘာ ၂၀

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဇနီး ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်တို့သည် ဒီဇင်ဘာ ၈ ရက်က ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းအားကစားကွင်း ရှေ့စုရပ်၌ ကျင်းပသော ၂၀၀၇ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ (ဒုတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲ အခမ်းအနားသို့ တက်ရောက်ပါဝင် ဆင်နွှဲသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြို့ပေါ်၁၁ ရပ်ကွက်မှ ပြည်သူများ စုစုပေါင်းအင်အား ၂၅၀၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

ချီးမြှင့်

လမ်းလျှောက်ပွဲအပြီး တိုင်းအားကစား ကွင်းအတွင်း၌ စုပေါင်း ကိုယ်လက် ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ (၁) နှင့် (၂)တို့ကို စုပေါင်းလေ့ကျင့်ကြပြီး မြန်မာ့ ရိုးရာအားကစားပြိုင်ပွဲများ ကျင်းပခဲ့ ကြကြောင်းနှင့် တိုင်းမှူးနှင့် ဇနီးတို့ သည် ယင်းနေ့ ညနေ ၃ နာရီခွဲတွင် တိုင်းအားကစားကွင်း၌ ကျင်းပသော ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုး သား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးကာ တံခွန် စိုက်ဆုဖလား ချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (တိုင်း အား/ကာ)

ပဲခူးတိုင်း ၂၀၀၇ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲတွင် ပဲခူး တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင် ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီးတို့ ပါဝင် ဆင်နွှဲစဉ်။
(တိုင်း အား/ကာ)

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

၁၉၉၅-၂၀၀၀ ပညာသင်နှစ် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)နှင့် ဒဂုံတက္ကသိုလ်တို့မှ ဘူမိဗေဒ ကျောင်း သားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၉ ရက်(စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူ များသည် စည်သူမောင် ဖုန်း-၀၉ ၅၁၄၁၄၀၉၊ စိုးမိုးဇာ ဖုန်း-၀၉၅၁၀ ၆၇၆၇၊ စိုးမြင့် ဖုန်း-၀၉၅၁၃၉၅၆၅၊ စိုးယံမောင် ဖုန်း-၀၉၅၀၀၂၁၁၅၊ တင့် ကျော် ဖုန်း-၀၉၉၉၇၃၄၁၄၊ စန်းအောင် ဖုန်း-၀၉၅၀၁၅၃၁၁၊ ဇော်မျိုး ဖုန်း- ၀၉၉၉၂၈၁၅၂၊ အောင်ကိုဦး ဖုန်း-၀၉ ၅၁၀၆၇၇၂ နှင့် ဝေယံ ဖုန်း-၀၉ ၅၁၆၅ ၃၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ (က-ပ)

တောင်ငူမြို့ စာဆိုတော်နေ့အထိမ်းအမှတ် ဟောပြော

တောင်ငူ ဒီဇင်ဘာ ၂၀

တောင်ငူမြို့နယ် စာပေနှင့် စာနယ် ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၉ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေ ဟောပြောပွဲနှင့် စာပေဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက်ညက တောင်ငူမြို့ ဝင်းရပ်ရှင်ရုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ် ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကျော်မြင့် (ကျော်မြင့်-မဟောသဓ)က ဖတ်ကြား ပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင် ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ စာပေပြိုင်ပွဲဝင် စာမူ များနှင့်ပတ်သက်ပြီး အလုပ်အမှုဆောင် ဦးယုလွင်(မောင်ကြေးစည်-တောင်ငူ) က ရှင်းလင်းပြောကြားကာ ဆုရရှိကြသူ များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့် ကြပြီး ရန်ကုန်မြို့မှ စာရေးဆရာကြီး များဖြစ်ကြသော မောင်ငြိမ်းသူ (ကြို့ပင် ကောက်)၊ မောင်ဆန္ဒ (လယ်ဝေး)နှင့် အဏ္ဏဝါစိုးမိုး(**အပေါ်ပုံ**)တို့က စာပေရေး ရာများကို ဟောပြောကြသည်။ အဆိုပါ စာရေးဆရာအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက်က ကရင်ပြည်နယ်၊ လိပ်သိုမြို့၌ လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် သံတောင်မြို့သစ်၌ လည်းကောင်း စာပေရေးရာများကို ဟောပြောခဲ့ကြ ကြောင်း သိရသည်။ (၁၂၉)

The LIVE NEWS ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၀

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့်အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၆၄)ကို ယနေ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။

ပုံ့လွန်တော်မူပြီး ၂၁ရက်ကြာသည့်တိုင် မပုပ်မသိုးဘဲ ပကတိအတိုင်းရှိနေသော ဘိုကလေးမြို့နယ် စက်ဆန်း ကျေးရွာမှ ဆရာတော် ဦးဝါယမ၊ Dolphin-2 သင်္ဘော နစ်မြုပ်စဉ် ပျောက်ဆုံးသွားသည့် မြန်မာသင်္ဘောသားသုံးဦး အတွက် ကန်ဒေါ်လာနှစ်သိန်းခန့်လျော်ကြေးရမည်၊ မြန်မာ ရေမျောဒုက္ခသည် ၂၁၉ ဦး အိန္ဒိယသင်္ဘောသုံးစီးဖြင့် မြန်မာနိုင်ငံပြန်ရောက်၊ လူ့ရှင်တော်ရွှေဖလားအစီအစဉ်ကို ပုံဖော်သူ လူ့ရှင်တော် ဇရာနှင့် စကားစမြည်၊ စာအုပ်သိုက်တူး ခြင်း၊ မဟူရာထဲကစိန်နှင့် ညစာစားပွဲ၊ လမ်းပေါ်ကအတွေး များ(၅)၊ လမ်းသစ်ပေတစ်ရာမှ လမ်းသစ်ပြန်ဖြစ်လာတဲ့ (Morton)၊ လူတစ်ယောက် သေနတ်သုံးလက်၊ ကျည်ဆန် တစ်ထောင်နှင့် အမေရိကန်မှ အစုလိုက် လူသတ်မှု၊ လူ ၅၂ ဦးသေဆုံးသည့် အယ်လ်ဂျီးရီးယားဗုံးခွဲမှုနှစ်ခု၊ ကမောက် ကမ ထောက်လှမ်းရေးသတင်းများကြားမှာ ဦးနှောက် စားနေရတဲ့ သမ္မတဂျော့ဘုရှ်၊ သမ္မတပူတင်မှ ဝန်ကြီးချုပ် ပူတင်သို့ ၊ တက္ကစီမင်းနှင့်အလှည့်၊ ကိုရီးယားရုပ်ရှင်ကြိုတင် ဇာတ်လမ်းများစသည့် သတင်းဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ မြင်းမူမောင်နိုင်မိုး၊ ဦးကို၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ အာရှမိုး၊ မောင်နေလင်း၊ ကိုလင်း(ဥက္ကံ)၊ ရဲဇော်(ဓနိကုန်း)နှင့် အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေ ဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိ လျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း- ၂၂၉၈၈၂ နှင့် ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) ကျောင်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၀

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ရက် ညနေ ၅နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်း ပေါင်းစီကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ကျောင်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီး များ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင် တပ်နယ်မှူးနှင့် ပြင်ဦးလွင် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော် နည်းပညာတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး၊ နည်းပြအရာရှိချုပ်နှင့် ဗိုလ်လောင်းတပ်ရင်းများမှ တပ်ရင်းမှူး များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

တက်ရောက်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်း တန်းပေါင်းစီကွင်း၌ ကျင်းပသည့် တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများ ပြင်ဦးလွင်၊ လားရှိုးနှင့် မူဆယ်မြို့များသို့ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ဒီဇင်ဘာ ၁၃ရက်မှ ၁၆ရက် အထိ မန္တလေးတိုင်း ပြင်ဦးလွင်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နှင့် မူဆယ်မြို့များသို့ လေ့လာရေးခရီးအဖြစ် သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ နိုင်ငံခြား စစ်သံမှူးများအဖွဲ့ (Dean of Defence Services Attache Groups) နာယက ဗီယက်နမ် နိုင်ငံ စစ်သံမှူး Senior Colonel Levan Thanh ခေါင်းဆောင်သော အဖွဲ့ဝင် စုစုပေါင်း ၅၀တို့သည် ဒီဇင်ဘာ ၁၃ရက် နံနက် ၇နာရီတွင် လေကြောင်း ခရီးဖြင့် ထွက်ခွာကြရာ ပြင်ဦးလွင်မြို့ အနီး စခန်းလေဆိပ်သို့ နံနက် ၉နာရီ တွင်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံခြား စစ်သံမှူးများ အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ အမျိုးသား ကန်တော်ကြီး ဥယျာဉ်နှင့် အမျိုးသား အထိမ်းအမှတ်ဥယျာဉ်တို့သို့သွားရောက် ကြည့်ရှုလေ့လာကြသည်။ မွန်းလွဲပိုင်း တွင် ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူ တော်သို့ သွားရောက်ကြည့်ရှုလေ့လာ ကြပြီး မဟာအံ့ထူးကံသာ ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူ ငွေများထည့်ဝင်လှူဒါန်းကြသည်။ ဒီဇင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ သည် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်း အနားသို့ တက်ရောက်ကြသည်။

တပ်မတော် စစ်ဘက်ရေးရာ လုံခြုံ ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေလိုက်ပါလျက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူး များနှင့် မိသားစုများသည် မွန်းလွဲ ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ညပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့သို့ ရောက်ရှိကြပြီး အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားများက ကြိုဆို နှုတ်ဆက်ကြသည်။

ည ၈နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစု များသည် အရှေ့မြောက်တိုင်း စစ်ဌာန ချုပ် ရွှေလီရိပ်သာမြက်ခင်းပြင်၌ ကျင်းပ သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်ကြသည်။ ညစာ သုံးဆောင်နေစဉ်အတွင်း တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက ရှမ်း ရိုးရာ အဆိုအကများဖြင့် ဧည့်ခံ ဖျော်ဖြေကြရာ ညစာ သုံးဆောင် အပြီးတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား စစ်သံမှူးများအဖွဲ့နာယက ဗီယက်နမ် နိုင်ငံ စစ်သံမှူးနှင့် ဇနီးတို့က ရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များအား ဂုဏ်ပြု ပန်းခြင်း ပေးအပ်ချီးမြှင့်ကြသည်။

စစ်သံမှူးများအဖွဲ့သည် ဒီဇင်ဘာ ၁၅ရက်တွင် လားရှိုးမြို့ရှိ မန်ဆူရှီး ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို ကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်း ကြကာ မန်မော်သီးနှံ စိုက်ပျိုးရေးဇုန် အမှတ်(၃) ကုန်းမြင့် ဧက ၅၀၀ စီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက် လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆို၍ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စစ်သံမှူးများ အဖွဲ့ သည် မွန်းလွဲ ၁နာရီတွင် မူဆယ်မြို့ သို့ ရောက်ရှိကြရာ တာဝန်ရှိသူများ နှင့် ဒေသခံ တိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စစ်သံမှူးများနှင့် မိသားစုများသည် မူဆယ်မြို့ရှိ ရွှေနန်းတော် ခရီးသွား လုပ်ငန်းသို့ သွားရောက်ကြည့်ရှု လေ့လာကြပြီး မြန်မာ-တရုတ် နယ်စပ် ဂိတ်ဖြစ်သည့် နန်းတော်ဂိတ်သို့ သွား ရောက် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မူဆယ်မြို့တွင်းသို့လှည့်လည် ကြည့်ရှုလေ့လာကြပြီး ညပိုင်းတွင် မူဆယ်ညဈေးသို့သွားရောက်၍ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်စည်ကူးသန်းရောင်း ဝယ်မှုများကို ကြည့်ရှုလေ့လာကြသည်။

စစ်သံမှူးများ အဖွဲ့သည် ဒီဇင်ဘာ ၁၆ရက်တွင် မူဆယ်မြို့မှ မော်တော် ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြ ပြီး လားရှိုးလေဆိပ်တွင် အရှေ့မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်အား တွေ့ဆုံနှုတ်ဆက် ၍ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ မန်မော်သီးနှံ စိုက်ပျိုးရေးဇုန် အမှတ်(၃) ကုန်းမြင့် ဧက ၅၀၀ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဒီဇင်ဘာ ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က) ဦးအောင်မျိုးမြင့်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန
(ခ) ဦးဇော်ဌေး	ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဂ) ဦးတင်မြင့်	ညွှန်ကြားရေးမှူးချုပ် ရှေ့နေချုပ်ရုံး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဟုတ်ကြည်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်း ခန့်ထားလိုက်သည်။ (သတင်းစဉ်)

အမေရိကန် စစ်အခြေစိုက်စခန်းတိုးချဲ့မည့် ဆုံးဖြတ်ချက် အီတလီလူမျိုး ၂၀၀၀၀ ခန့် ကန့်ကွက်ဆန္ဒပြ

ဗီစင်ဇာ (အီတလီ) ဒီဇင်ဘာ ၁၉

အီတလီလူမျိုး ၂၀၀၀၀ ခန့်သည် အမေရိကန် စစ်ဘက်အခြေစိုက်စခန်း တိုးချဲ့မှုအပေါ် ကန့်ကွက်ဆန္ဒပြရန် အတွက် ဗီစင်ဇာမြို့မှ စနေနေ့တွင် ချီတက်ကြသည်။

ယင်းလုပ်ရပ်ကို အီတလီအစိုးရအဖွဲ့ အတွင်းရှိစစ်တားဆီးရေးဝါဒီများကလည်း ကန့်ကွက်လျက်ရှိသည်။ မည်သို့ပင် ဖြစ်စေကာမူ ဦးဆောင် လက်ဝဲ နိုင်ငံရေးသမားများက ယင်းချီတက်ပွဲတွင် ပါဝင်မှုမရှိကြောင်း၊ ဖော်ပြပါ ကိစ္စအပေါ်ဖေဖော်ဝါရီလက ကန့်ကွက်ဆန္ဒပြမှုလောက် များပြားမှုမရှိကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင် တွေ့ရှိသူများက ပြောကြားကြသည်။ ယင်းဆန္ဒပြပွဲတွင် လူ ၇၀၀၀၀ ကျော် ပါဝင်ကြသည်ဟု ဆိုသည်။

အီတလီဝန်ကြီးချုပ် ရိုမန်နိုပရိုဒီက အဆိုပါ စစ်ဘက် အခြေစိုက်စခန်း တိုးချဲ့ရန် ယခုနှစ်စပိုင်းက တရားဝင် ခွင့်ပြုခဲ့သည်။

တိုးချဲ့မည်

ယင်းဆုံးဖြတ်ချက်ကိုအီတလီ အစိုးရ အဖွဲ့အတွင်းရှိ အချို့သောဝန်ကြီးများ က ကန့်ကွက်ခဲ့ကြသည်။ အမေရိကန် စစ်ဌာနချုပ်က ဂျာမနီနှင့် အီတလီ နှစ်နိုင်ငံအတွင်း ခွဲခြား၍ ဖြန့်ကြက် နေမည့်အစားအီတလီတွင် အလုံးအရင်း ဖြင့် ဖြန့်ကြက်စေရန် ရည်ရွယ်သည်။ စစ်ဘက်အင်အားကို လည်း ၂၇၅၀မှ ၄၅၀၀ အထိ တိုးချဲ့မည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပါလက်စတိုင်းဒေသ ဂါဇာစီတီတွင် အစ္စရေးတပ်ဖွဲ့က ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် မီးလောင်နေသည်ကို ဒီဇင်ဘာ ၁၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် သေဆုံးသော ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၇၉၅ဦးရှိပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကီလိုမီတာ ၃၀ အကွာရှိ အမေရိကန် စစ်အခြေစိုက်စခန်းအနီး၌ ဒီဇင်ဘာ ၁၆ရက်က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ပြင်းထန် သောဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း ကန်စစ်ဘက်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

သေဆုံး

၎င်းတပ်ဖွဲ့ဝင်သည် သယ်ယူပို့ဆောင်ရေးယာဉ်အနီး၌ ပြင်းထန်သော ဒဏ်ရာ ရရှိခဲ့သဖြင့် အမေရိကန်စစ်ဘက်ဆေးရုံသို့ တင်လိုက်ရာ ကုသမှုခံယူ နေစဉ်ပင် သေဆုံးသွားခဲ့ရသည်။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသည့် ၂၀၀၃ခုနှစ်မှ ယနေ့အထိ အီရတ်၌ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၃၈၉၅ ဦးရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်မှတ်တမ်းများက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်နှင့်ကမ္ဘောဒီးယား နယ်စပ်ဂိတ်ထပ်မံဖွင့်လှစ်

ဟနွိုင်း ဒီဇင်ဘာ ၁၉

ကမ္ဘောဒီးယားနိုင်ငံ ရာတာနာကီရီ ပြည်နယ်နယ်စပ် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကုန်းမြင့် ဂီယာလိုင် ပြည်နယ်၌ နှစ်နိုင်ငံ နယ်စပ်ဖြတ်သန်း ဂိတ်ကိုဖွင့်လှစ်လိုက်ကြောင်း ဗီယက်နမ် သတင်းဌာနက ဒီဇင်ဘာ ၁၇ ရက်တွင် ဖော်ပြသည်။

အဆိုပါနယ်စပ်ဂိတ်ကို ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က ဖွင့်လှစ်ခဲ့သည်။ နှစ်နိုင်ငံ နယ်စပ်ဂိတ် ဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် ဒေသ နေပြည်သူများ ချစ်ကြည်ရေး ပိုမို ခိုင်မြဲလာမည်ဟုမျှော်လင့်ထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ ထို နယ်စပ်ဂိတ် ဖွင့်လှစ်လိုက်ခြင်းဖြင့် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအို နိုင်ငံတို့ကို ပိုမိုဖွံ့ဖြိုး တိုးတက်လာအောင် ထောက်ကူပေးနိုင်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံရှိ ပြည်နယ်နှင့် မြို့ ၆၄ ခုအနက် အရပ်ဒေသ ၁၀ ခုသည် ကမ္ဘောဒီးယားနိုင်ငံ၏ ဒေသကိုးခုနှင့် ဆက်စပ်နေသည်။

ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းသည်၁၉၉၈ခုနှစ် က အမေရိကန်ဒေါ်လာ ၁၁၇ သန်း ရှိရာမှ ၂၀၀၆ ခုနှစ်တွင် အမေရိကန် ဒေါ်လာ သန်း ၉၀၀ အထိ တိုးတက် လာကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထိ ရောက်ရှိမည်ဟု မျှော်မှန်းထားကြောင်း ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြေမြုပ်မိုင်းနင်းမိ၍ မိသားစုငါးဦး သေဆုံး

ကဘူး ဒီဇင်ဘာ ၁၉

အာဖဂန် နစ္စတန်နိုင်ငံ အလယ်ပိုင်းရှိ အူရုတ်စဂန်ပြည်နယ်တွင် ဇနီးမောင်နှံ နှစ်ဦးနှင့် ကလေးငယ်သုံးဦးတို့ စီးနင်း လာသည့် မော်တော်ဆိုင်ကယ်သည် တနင်္ဂနွေနေ့ မွန်းလွဲ ၂နာရီက မြေမြုပ် မိုင်း နင်းမိပေါက်ကွဲ၍ ငါးဦးလုံး သေဆုံးသွားကြောင်း ပြည်နယ်ရဲအရာရှိ ဖြစ်သူ ဂျူမာဟီမက်က ပြောကြား သည်။

အဆိုပါ မြေမြုပ်မိုင်းသည် တာလီ ဘန်ပြောက်ကျားများ မြှုပ်ခဲ့သည့် မိုင်းဟု ယူဆရကြောင်း ဟီမက်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီ၌ ကြက်ငှက်တုပ်ကွေး ပိုင်းရပ်စ်ပိုးတွေ့ရှိ

ဘာလင် ဒီဇင်ဘာ ၁၉

ဂျာမနီနိုင်ငံ အရှေ့မြောက်ပိုင်း ဘရန် ဒင်ဘတ်ပြည်နယ်၌ H_5N_1 ကြက် ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကို ကြက် နှစ်ကောင်၌ စမ်းသပ်တွေ့ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဒီဇင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်သည်။

အိုဘာဟာဗလ်ပုဂ္ဂလိက မွေးမြူရေး ခြံတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး ဖြစ်ပွားနေသည်ဟုသံသယရှိသောကြက် ငှက်စုစုပေါင်း ၁၁ ကောင်ရှိသည်။ ထို ကြက်ငှက်များအနက် ငါးကောင်မှာ သေဆုံးသွားပြီး နှစ်ကောင်ကို စမ်းသပ် စစ်ဆေးကြည့်ရာ ယင်းရောဂါပိုး တွေ့ရှိ ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

အပြည်ပြည်ဆိုင်ရာအာကာသစခန်း၌ ယာဉ်မှူးများ အာကာသအတွင်း လမ်းလျှောက်၍ စစ်ဆေးမှုများပြုလုပ်နေသည်ကို ဒီဇင်ဘာ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကုလသမဂ္ဂဆိုင်ရာ သံအမတ်ဟောင်း ဂျွန်ဘိုတန် သမ္မတဘုရှ်၏ နိုင်ငံခြားရေးဝါဒကို ဝေဖန်

ဘာလင် ဒီဇင်ဘာ ၁၉

အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်၏ နိုင်ငံခြားရေးမူဝါဒသည် တစ်ဟုန်ထိုး ကျဆင်းလျက်ရှိပြီး နိုင်ငံ၏လုံခြုံရေးကို အန္တရာယ်ကျရောက်စေကြောင်း ကုလ သမဂ္ဂဆိုင်ရာ သံအမတ်ကြီးဟောင်း ဖြစ်သူ ဂျွန်ဘိုတန်က ဂျာမန်မဂ္ဂဇင်း တစ်စောင်သို့ တနင်္လာနေ့က ပြော ကြားသည်။

သမ္မတဘုရှ်အနေဖြင့် နိုင်ငံခြားရေး ဝန်ကြီးကွန်ဒိုလီဇာရိုက်စ်ကို ထိန်းချုပ် ရန် လိုအပ်သည်ဟု ဘိုတန်က ဂျာမန် ဒါစပီဂယ်အပတ်စဉ်မဂ္ဂဇင်းသို့ ပြောကြား သည်။ ဘိုတန်သည် ရန်လိုခေါင်းမာ သည့် ရှေ့ဆောင် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး အီရန်၊ မြောက်ကိုရီးယားနှင့် အီရတ် နိုင်ငံတို့အပေါ် တင်းမာသည့် သဘော ထားကို ကိုင်စွဲခဲ့သူတစ်ဦးဖြစ်သည်။

ဘုရှ်၏နိုင်ငံခြားရေးမူဝါဒသည် ကျ ဆင်းလျက်ရှိကြောင်း၊ ၎င်းအနေဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို အသုံးမပြုဘဲ နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်၏ဩဇာ တိက္ကမအောက် ရောက်ရှိနေကြောင်း ဘိုတန်က ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးရိုက်စ်၏ ဩဇာသည် နိုင်ငံခြားရေးမူဝါဒတွင် လွှမ်းမိုးလျက် ရှိကြောင်း နိုင်ငံခြားရေးဌာနရှိ သဘော ထားတင်းမာမှုမရှိသည့် ဗျူရိုကရက် များ၏အမြင်များကိုရိုက်စ်က ပေါင်းကူး ပေးသူဖြစ်နေပြီး ဘုရှ်အနေဖြင့် ရိုက်စ် အပေါ် ကွပ်ကဲနိုင်မှုမရှိကြောင်း၊ ယင်း အချက်မှာ အမှားတစ်ခုပင်ဖြစ်ကြောင်း၊ အစွန်းရောက်မှုမရှိသည့် နိုင်ငံခြားရေး မူဝါဒသည် အမေရိကန်၏ လုံခြုံရေး အတွက် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရောက်ရှိနေကြောင်းဘိုတန်ကပြောကြား သည်။

အမ်အင်အေ၊ရိုက်တာ

နယူးအင်္ဂလန်တွင် ဆီးနှင်းမုန်တိုင်း တိုက်ခတ်

ဘော်စတန် ဒီဇင်ဘာ ၁၉

အမေရိကန်နိုင်ငံ အနောက်အလယ် ပိုင်းတွင် ဒီဇင်ဘာ ၁၆ ရက်က ကျရောက်ခဲ့သည့် နှင်းမုန်တိုင်းသည် နယူးအင်္ဂလန်နယ်ထဲသို့ ဆက်လက်ဝင် ရောက်သွားသည်။ နှင်းများကျခြင်း၊ မိုးများသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ် ခဲ့သည်။ ယင်းအခြေအနေကြောင့် လေယာဉ်များ ဆင်းသက်ရာတွင်လည်း ကောင်း၊ လေယာဉ်မောင်းနှင်ရာ၌ လည်းကောင်း အခက်အခဲများ ကြုံတွေ့ ရသည်။

လမ်းများ၌ နှင်းနှင့်ရေခဲများ ဖုံးလွှမ်း သွားပြီး နယူးအင်္ဂလန်သို့ ဖြတ်သန်း ပျံသန်းသည့်လေယာဉ်ခရီးစဉ် ရာပေါင်း များစွာ ဖျက်သိမ်းခဲ့ရသည်ဟု ရိုက်တာ သတင်း၌ ဖော်ပြထားသည်။

နယူးယောက်ပြည်နယ် အထက်ပိုင်း ၌ ဆီးနှင်းများ တစ်ပေခန့်အထိ ဖုံးလွှမ်း သွားပြီး နယူးဂျာစီ၊ လောင်းအိုင်လန် ကျွန်းနှင့် ကွန်နက်တီကပ် ဒေသ တစ်လျှောက်တို့တွင် ဓာတ်အား ပြတ်တောက်ခဲ့ရသည်။

နယူးအင်္ဂလန်ရှိ ဘော်စတန်မြို့ တစ်ဝိုက်တွင် အထူးရှစ်လက်မအထိ ဆီးနှင်းကျခဲ့သော်လည်း ကမ်းခြေ ဒေသတစ်လျှောက်တွင်မူ မွန်းလွဲပိုင်း၌ ဆီးနှင်းမှ မိုးအဖြစ်သို့ ပြောင်းလဲရွာသွန်း ခဲ့သည်ဟု အမျိုးသားမိုးလေဝသဌာန က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

တူရကီနှင့် အီရတ် နယ်စပ်ဒေသရှိ တူရကီပိုင်နက် ဆီနစ်ပြည်နယ်တွင် ကင်းလှည့်နေသော တူရကီသံချပ်ကာ ယာဉ်တစ်စီးကို ဒီဇင်ဘာ ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်စေတီတော်ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဒါရိုက်တာစင်ရော်မောင်မောင်၏ မဇ္ဈိမအလင်းဇာတ်ကား မန္တလေး မဟာဂန္ဓာရုံကျောင်းတိုက်ကြီးတွင် အောင်မြင်စွာရိုက်ကူးခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၀

ထေရဝါဒ ဗုဒ္ဓသာသနာ အစွန့်ရှည်ထွန်းကားပြန့်ပွားရေးအတွက် ရည်ရွယ်ရိုက်ကူးလျက်ရှိသော မဇ္ဈိမအလင်းဟု အမည်ပေးထားသည့် သတင်းအချက်အလက် အခြေပြုဇာတ်ကား (Documentary Film)ကြီးကို မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အောင်မြင်စွာရိုက်ကူးပြီးစီးခဲ့ကြောင်း ဒါရိုက်တာစင်ရော်မောင်မောင်က ပြောကြားသည်။

အဆိုပါ မဇ္ဈိမအလင်းဇာတ်ကားကြီးတွင် ဗုဒ္ဓ၏ဖြစ်စဉ်၊ ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားလာပုံများ၊ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်မှုများနှင့် မြန်မာတို့၏ ရိုးရာဓလေ့များကို ပေါင်းစပ်ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

"မန္တလေးကို ကျွန်တော်တို့အဖွဲ့ရောက်ပြီး ပုသိမ်ကြီးမြို့နယ် ကထိန်ပွဲ၊ မန္တလေး ကျုံးထောင့်တွေနဲ့ မန္တလေးတောင်အလှအပတွေကို ရိုက်ကူးခဲ့ပါတယ်။ ပြီးတော့ စစ်ကိုင်းဘက်သွားပြီး ဘုရားပုထိုးတွေနဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ ရိုက်ကူးခဲ့ပါတယ်။ အဲဒီနောက် မန္တလေးကိုပြန်လာပြီး ဒီဇင်ဘာ ၁၈ရက် မနက်အရုဏ်တက်ချိန်မှာ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးမှာ စတင်ရိုက်ကူးပါတယ်၊ အရုဏ်တက် အုန်းမောင်းခေါက်တာကစပြီး ဆရာတော်တွေ ဝတ်တက်တာ၊ မဟာနာယကချုပ် ဆရာတော်ကြီးထံမှ သံဃာတွေ ဩဝါဒခံတာတွေ အသေးစိတ်ရိုက်ကူးနိုင်ခဲ့ပါတယ်"ဟု စင်ရော်မောင်မောင်က ပြောပြသည်။

ထိုမှတစ်ဆင့် သံဃာတော်များ မြို့ထဲနှင့် ဦးပိန်တံတားဘက်ဆီသို့ ဆွမ်းခံကြွပုံများ၊ ဆွမ်းစားကြပုံများ၊ စာဝါလိုက်ကြပုံများကိုပါ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၌ တစ်နေ့တာလုံး ရိုက်ကူးနိုင်ခဲ့ကြောင်း သိရသည်။

"ဆရာတော်ကြီးကိုယ်တိုင်က လက်ထောက်ဆရာတော်တွေကို သာသနာပြုဇာတ်ကားကြီး ရိုက်ကူးရာမှာ လိုအပ်တာတွေ ကွပ်ကဲပေးခိုင်းပါတယ်။ ကျောင်းတိုက်ကြီးတစ်တိုက်လုံးက လိုအပ်တာတွေကူညီပေးကြပါတယ်။ တစ်ကျောင်းလုံးမှာရှိတဲ့ သံဃာတော်တွေရဲ့ သာသနာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်ပုံတွေကို အေးအေးချမ်းချမ်းနဲ့ အောင်အောင်မြင်မြင် ရိုက်ကူးနိုင်ခဲ့ပါတယ်"ဟု ဒါရိုက်တာစင်ရော်မောင်မောင်က ရှင်းပြသည်။

အဆိုပါ "မဇ္ဈိမအလင်း" ဇာတ်ကားကြီးကို လွန်ခဲ့သည့် တစ်နှစ်ခန့်ကပင် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ ဗုဒ္ဓသာသနာ ထွန်းကားတည်ရှိနေပုံများကို ရိုက်ကူးခဲ့ပြီး ဇာတ်ကားပြီးဆုံးရန် နောက်ထပ်ခြောက်လခန့် အချိန်ယူဦးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပြင် အခြားအိမ်နီးချင်းနိုင်ငံများမှာလည်း ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း၊ ယင်းဇာတ်ကားကို စင်ရော်မောင်မောင်နှင့် အခြားမိတ်ဆွေနှစ်ဦးတို့၏ ရင်းနှီးမတည်မှုဖြင့် ဓမ္မဒါနအဖြစ် သာသနာပြုရိုက်ကူးနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

အောင်ရမည်

☆ လုပ်ငန်းစဉ် မူခုနစ်ရပ်
သတ်မှတ်လို့ ဆောင်ရွက်ပြီ၊
ကိုယ့်နိုင်ငံ ကိုယ့်အရေးပေမို့
သွေးစည်းညီညီ၊
ကိုယ့်ပိုင်နက် ခိုင်သန်တည်
နိုင်ငံစည်ဖွံ့ဖြိုးရေး။
ဖွဲ့စည်းပုံ မူအသစ်နဲ့
အုတ်မြစ်စီပေး။

☆ အုတ်မြစ်စီ ဖော်ဆောင်ရာ၊
ဒီမိုကရေစီ အသွင်ပြောင်းနိုင်မယ့်
လမ်းကြောင်းပေါ်လာ၊
ကိုယ့်ဓလေ့ ကိုယ့်ရိုးရာ
အမျိုးဘာသာ သာသနာရေး။
ကိုယ့်ထုံးစံ ယဉ်ကျေးမှု
စံပြုမယ်လေး။

☆ အောင်ရမည်တည့် အောင်ရမည်၊
မသတီစရာ အနှောက်ဟန်များရယ်နဲ့
ပလီပလာ ခလောက်ဆန်စကားတို့ကို
ကျော်လွှားနိုင်ပြီ၊
ပြည်ထောင်စု အစွန့်ရှည်
အေးချမ်းစည် သာယာရေး။
စည်းလုံးညီ ပြည်တွင်းအားရယ်နဲ့
နှောင့်ယှက်လာ အဖျက်သမားတို့ကို
ဖယ်ရှားမယ်လေး။

မောင်ကျော်(ရေနံချောင်း)

မြိုင်ဆရာတော်တရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၀

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက၊ ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဒီဇင်ဘာ ၂၁ရက်တွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပိတောက်လမ်းထိပ် ဘုရင့်နောင်ပွဲရုံတန်း ဆွမ်းအောင်ပွဲဓမ္မသဘင်၊ ဒီဇင်ဘာ ၂၂ရက်တွင် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ရှင်လေးပါးဗိမာန် ဆည်းဆာပွဲ ဓမ္မသဘင်နှင့် ၂၃ရက်တွင် ရှင်လေးပါးဗိမာန် ဓမ္မသဘင်တို့၌ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။

တရားပွဲ ပင့်လျှောက်လိုသူများ ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ အမှတ်(၅)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ(၁၈၁)တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က-ပ)

သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲရက် ထပ်မံကြေညာမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ပခုက္ကူမြို့ သာသနစက္ကပ္ပဝတ္တက အသင်းကြီး၏ နဝမအကြိမ် သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲကြီးနှင့် စာအောင်ဆု ပူဇော်ပွဲသဘင် အစီအစဉ်များကို နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြာသိုလတွင် ကျင်းပမည်မဟုတ်ဘဲ ယာယီအားဖြင့် ရက်ရွှေ့ဆိုင်းထားကြောင်းနှင့် ကျင်းပမည့်ရက်ကို ထပ်မံ ကြေညာမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၂-၂၀၀၇ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ဥပ္ပလဝဏ်ထေရီရီတရားတော် (အောင်စကြာဆရာတော်အရှင်စန္ဒသိရီ)
၈း၀၅-၂း၀၅	ထူးခြားသော ဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	Myanmar Video Rhythm
၈း၄၅-၂း၄၅	ကော်ဇောမှာအသွင်ဆန်း ဒေါပုံကော်ဇောအစွမ်း
၉း၁၀-၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	အာဆီယံစွမ်းအင်ပထမဆု၊ မင်္ဂလာဥယျာဉ်စွမ်းဆောင်မှု
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	ကျန်းမာပျော်ရွှင် ဘဝတစ်ခွင်
၁၀း၂၀-၄း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀-၄း၃၀	ကျန်းမာတဲ့ဘဝကို ပိုင်ဆိုင်နိုင်စေဖို့ လေထုသန့်စင်စက်ကို သုံးကြစို့
၁၀း၅၅-၄း၅၅	ပြည်ပဝင်ငွေတိုးစေဖို့... သားငါးကဏ္ဍမြှင့်တင်စို့
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀	နည်းပညာစွမ်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်မည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
၁၂း၂၅-၆း၂၅	VJ Choice
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျန်းမာစေဖို့ လမ်းလျှောက်စို့

မောင်လှမွန် (သုတေသနနှင့်ဖွံ့ဖြိုးရေး)

စာရေးသူဟာ အသက် ၈၀ ကျော် ၉၀ တွင်းနဲ့ အသက် ၁၀၀ နီးပါးရှိတဲ့ ဘိုးသက်ရှည်၊ ဘွားသက်ရှည်တွေကို မကြာခဏဆိုသလို တွေ့မြင်ခဲ့ရဖူးပါတယ်။ ကမ္ဘာပေါ်မှာ ဂျပန်၊ နော်ဝေ၊ ဆွီဒင်နဲ့ ဩစတြေးလျနိုင်ငံတွေမှာ အသက် ၁၀၀ နားထိ နေရတဲ့သူတွေ၊အသက်ရာကျော် ဘိုးဘွားတွေ ပေါများတာ ဖတ်ဖူး၊ မှတ်ဖူးပါတယ်။ မြို့ပြနဲ့စာရင် ကျေးလက်ဒေသတွေမှာ ဘိုးသက်ရှည်၊ ဘွားသက်ရှည်တွေ ပိုများတာ တွေ့ရပါတယ်။ ကျန်းမာတဲ့ လူနေမှုဘဝပုံစံ (healthy life-style)ဟာ ကျေးလက်ဒေသတွေမှာ အလိုအလျောက် ဖြစ်ထွန်းနေသလိုပါပဲ။ သန့်ရှင်းလတ်ဆတ်တဲ့ လေနုအေး၊ စိမ်းစိုလန်းဆန်းနေတဲ့ တောတောင်ရဲ့ သဘာဝရှုခင်း၊ သန့်ရှင်းလတ်ဆတ်လှတဲ့ ဒေသထွက်အစားအစာ၊ လတ်ဆတ်တဲ့ အသား၊ ငါး၊ ကြက်ဥနဲ့ ဟင်းသီးဟင်းရွက်တွေ၊ အာဟာရဓာတ် ပေါကြွယ်လှတဲ့ နွားနို့၊ ဆိတ်နို့စတဲ့ နို့အမျိုးမျိုးတွေဟာ ကျန်းမာရေးအတွက် သဘာဝကပေးတဲ့ ဆေးတစ်ခွက်လို အကျိုးပြုနေတဲ့အတွက် အသက် ၈၀ ကျော်တွေကို ကျေးလက်ဒေသတွေမှာ တွေ့ရလေ့ ရှိတာပါပဲ။ အခုဆောင်းပါးမှာတော့ လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ဖို့ အထောက်အကူပြုနိုင်တဲ့ လမ်းလျှောက်တဲ့ အလေ့အကျင့်ကို စွဲစွဲမြဲမြဲလုပ်သင့်ကြောင်း တင်ပြလိုပါတယ်။

စကားစပ်မိလို့ အသက် ၉၀ နီးပါးရှိတဲ့ စာရေးသူရဲ့အဘိုး ကိုယ်တွေ့အတွေ့အကြုံလေးကို တင်ပြလိုပါတယ်။ အဘိုးဟာ သူ့သားတွေ (စာရေးသူရဲ့အဖေအပါအဝင်)နဲ့ သမီးတွေကို မကြာခဏဆိုသလို ဩဝါဒ ခြွေလေ့ရှိပါတယ်။ ထူးခြားတာလေးတစ်ခုက အဘိုးဟာ အသက် (၈၇) နှစ်ရှိတာတောင် အသားအရေက ဝါဝင်းစိုပြည်ပြီး မျက်စိမမှုန်၊ နားမထိုင်း၊ ခါးမကိုင်း၊ ပါးရေ နားရေ သိပ်မတွန့်ဘဲ အရွယ်တင်တယ် ဆိုတာပါ။ သွားတွေကလဲ ဘာကောင်းသလဲမမေးနဲ့။ ပဲလှော်ကို တကျွတ်ကျွတ်မြည်အောင် ဝါးစားနေဆဲပါပဲ။ အဘိုးဟာ နိုင်ငံခြားဆေးဝါးတွေ မသုံးပေမယ့် အသက် (၃၀) အရွယ်လောက်ကစလို့ ဆီးဖြူ၊ ဖန်ခါး၊ သစ်ဆိမ့်ဆိုတဲ့အသီး သုံးပါး (ဆေးအခေါ် တြိဖလ)ကတစ်ဆ၊ အဲဒီသုံးပါးအလေးချိန်ရှိတဲ့ မြင်းခွာရွက် (Centella asiatica) ဆိုတဲ့ အညာမြင်းခွာ)ကို ရောစပ်အမှုန့်ပြုပြီး ပျားရည်နဲ့ တစ်ခါစား လက်ဖက်ရည်ဇွန်းနဲ့ မနက်တစ်ဇွန်း၊ ညတစ်ဇွန်း စားလေ့ရှိပါတယ်။ အဘိုးက သမားစဉ်ဆက် လက်သုံးဆေးဖြစ်တဲ့ အဲဒီရသာယန အသက်ရှည်ဆေးကို သူ့သား၊ သမီး၊ မြေးမြစ်တွေအတွက် လက်ဆင့်ကမ်းခဲ့တာပါပဲ။ အဘိုးက တိုင်းရင်းဆေးဆရာမဟုတ်ပေမယ့် မြန်မာ့တိုင်းရင်း ဆေးပညာကို အထူးစိတ်ဝင်စား အားပေးသုံးစွဲခဲ့ပါတယ်။

စာရေးသူပြောချင်တာက ဆေးနည်းအကြောင်း မဟုတ်ပါဘူး။ အဘိုးရဲ့ သက်ရှည်ကျန်းမာ အကျင့်လေးတစ်ခုကိုပါ။ အဘိုးဟာ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲမြဲပါတယ်။ လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်တွေလဲ နည်းပါတယ်။ သောကဆိုတာ မရှိအောင် နေပါတယ်။ **"မျက်စိမှာအကျင့် ဝမ်းမှာအချင့်"**ဆိုတာ သိပ်ပြီးဂရုစိုက်လေ့ရှိပါတယ်။ အစားအစာတစ်ခုကို မဆာဘဲ ဘယ်တော့မှ စားလေ့မရှိပါဘူး။ အလွန်အကျူးလဲပဲ စားလေ့မရှိသလို သူနဲ့မတည့်တဲ့အစာတွေနဲ့ အရက်တို့၊ ဆေးလိပ်တို့ကို လုံးဝရှောင်ကြဉ်ခြင်းပါပဲ။ ထူးခြားတာတစ်ခုက ထမင်းစားရင် ကြေညက်နေအောင် ဝါးစားလေ့ရှိတဲ့အချက်ပါ။ ဘာပဲစားစား လုံးဝကြေညက်တဲ့အထိ စားတတ်ပါတယ်။ နောက်ပြီး တစ်ပန်းကန်လောက်ပဲ ပုံမှန်စားလေ့ရှိပါတယ်။ မနက်စာအဖြစ် မြန်မာမုန့်တွေဖြစ်တဲ့ မုန့်ပျားသလက်၊ မုန့်ပေါင်း၊ မုန့်ကျွဲသည်း၊ မုန့်စိမ်းပေါင်း၊ မတ်ပဲကြော်တို့ကို နှစ်ခြိုက်စွာ စားလေ့ရှိပါတယ်။ ပြီးရင်တော့ ကျက်အောင်ကျိုထားတဲ့ နွားနို့ခပ်ပျစ်ပျစ်လေးတစ်ခွက်ကိုလဲ သောက်လေ့ရှိပါတယ်။ လက်ဖက်ရည်ကြမ်း (ရေနွေးကြမ်း) ထဲမှာ လက်ဖက်စိုနဲ့ လက်ဖက်ခြောက်အပြင် မြင်းခွာရွက်ကလေးလဲထည့် ခတ်သောက်လေ့ရှိပါတယ်။ နွေအခါ (ဒါမှမဟုတ်) ရာသီဥတုသိပ်ပူရင် ရေနွေးကြမ်းကို အအေးခံလို့ ဆားလေးခတ်ပြီး သောက်ပါတယ်။ ညနေစာအနေနဲ့ များသောအားဖြင့် ဆန်ပြုတ်တို့၊ ထမင်းရည်တို့ပဲ သောက်လေ့ရှိပါတယ်။ မနက်ခင်းစောစောထ၊ ဘုရားဝတ်ပြုပြီးတာနဲ့ ချောင်းနံဘေးမှာ လေကောင်းလေသန့်ရှူရှိုက်ရင်း နာရီဝက်ကနေ တစ်နာရီလောက်ထိ လမ်းလျှောက်တာက သူရဲ့နိစ္စဓူဝ အလုပ်ပါပဲ။ အခုအချိန်အထိ ညနေပိုင်းမှာလဲ နာရီဝက်လောက် လမ်းလျှောက်တတ်ပါသေးတယ်။ အဘိုးက **"လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျ အသက်သာဆုံးနဲ့ အကောင်းဆုံးလေ့ကျင့်ခန်းတစ်ခုကို လုပ်တာဖြစ်တယ်"**လို့ ဆိုပါတယ်။ သူကိုယ်တိုင် ရာသီသုံးပါးမရွေး လမ်းလျှောက်ပါတယ်။ မိုးရွာရင်တောင် အိမ်ထဲမှာပုတီးစိပ်ရင်း လမ်းလျှောက်တဲ့သူပါ။ ညအိပ်ရာဝင်ခါနီးမှာ ဖီးကြမ်းငှက်ပျောသီးနဲ့ ထန်းလျက်နှစ်ခဲ၊ သုံးခဲလောက်စားတတ်တဲ့ အကျင့်ကလေး ရှိနေပါတယ်။ အဘိုးက စောစောအိပ်တတ်သလို စောစောလဲထတတ်ပါတယ်။ နောက်ပြီးအဘိုးက ပျော်ပျော်နေ သေခဲဆိုတဲ့ သဘောတရားကို လက်ကိုင်ထားတာမို့ စိုးရိမ်သောကဆိုတာကလဲ မရှိသလောက် နည်းပါတယ်။

စာရေးသူ ဆိုလိုချင်တာက အဘိုးရဲ့ ကျန်းမာရေးအတွက် နေ့စဉ်ဆောင်ရွက်ချက်တွေအထဲက ထမင်းကိုကြေကြေညက်ညက် ဝါးစားတဲ့ အကျင့်နဲ့ လမ်းလျှောက်တဲ့ အလေ့အကျင့်ပါ။ လူတိုင်း ထမင်းစားနေ၊ လမ်းလျှောက်နေတာပဲ။ နေ့စဉ်နေ့တိုင်း စားနေရတဲ့ ထမင်းစားတာဟာ ဘာများခက်လို့လဲ။ လမ်းလျှောက်တာကလဲ အနည်းနဲ့အများ လျှောက်နေကြတာပဲလို့ စောဒကတက်ချင်ကြပါလိမ့်မယ်။ မှန်ပါတယ်။ လူတိုင်း လမ်းလျှောက်နေ၊ လူတိုင်းထမင်းစားနေပေမယ့် **စနစ်တကျ အချိန်မှန်မှန် လမ်းလျှောက်တာမျိုး၊ စနစ်တကျ ကြေကြေညက်ညက် ဝါးစားတတ်တဲ့ အလေ့အကျင့်မျိုး** နည်းနေသေးတယ်ဆိုတာ ပြောချင်လို့ပါ။ ထမင်းကို အချိန်လုပြီး စားရတာမျိုး၊ ဖြစ်ကတတ်ဆန်းစားတာမျိုး၊ မြန်မြန်ဆန်ဆန် စားတာမျိုးဟာ အာဟာရမဖြစ်သလို ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုရင် အစာခြေချက်ပေးတဲ့ ဝမ်းမီးကို ပျက်စီးစေပြီး အစာမကြေတာ၊ လေနာတာကအစ အစာအိမ်နဲ့ အူလမ်းကြောင်းဆိုင်ရာ ရောဂါအမျိုးမျိုး ဖြစ်စေနိုင်ပါတယ်။ မြန်မာ့တိုင်းရင်းဆေး ပညာမှာတော့ **"သဗ္ဗရောဂါနံ့ အဇိဏ္ဏကံ"**ဆိုပြီးရှိပါတယ်။ ဆိုလိုတာက ရောဂါ အားလုံးရဲ့ဇာစ်မြစ်ဟာ အစာမကြေတာက စတာပါပဲတဲ့။ အဲဒီတော့ **အစာကိုကြေညက်အောင် ဝါးစားတတ်တဲ့အသိ ရှိရပါမယ်။ စနစ်တကျ အချိန်မှန်မှန် လမ်းလျှောက်တတ်တဲ့ အလေ့အကျင့်လုပ်ပေးဖို့ အသိရှိရပါမယ်။ အသိကို အမြဲသတိလေးနဲ့ အကျင့်အဖြစ် လက်တွေ့ဆောင်ရွက်** ပေးရင်ဖြင့် သိပ်ကို အကျိုးထူးမှာပါ။ တစ်နေ့တစ်ရက်သာမကဘဲ ဘဝတစ်လျှောက်လုံး ခံယူကျင့်သုံးသွားရင် ကျန်းမာပြီး အသက်ရှည်မှာ အသေအချာပါပဲ။ အသက်ရှည်ရာ အနာမဲ့ကြောင်းနဲ့ပတ်သက်လို့ ပါဠိစာပေကျမ်းဂန်တွေမှာ–

သပ္ပါယဘောဇီ	**– မျှတသောအစာကို စားသောက်ခြင်း၊**
ပရိဏတဘောဇီ	**– ကြေကျက်လွယ်သော အစာအာဟာရကိုသာ စားသောက်လေ့ရှိခြင်း၊**
သပ္ပါယေမတ္တံဇာနာတိ	**– မိမိ၏ ဝမ်းမီးနှင့် သင့်လျော်သော အာဟာရကို စားသောက်ခြင်း၊**
သီလဝါ	**– ငါးပါးသီလနှင့် ပြည့်စုံခြင်း၊ ရံခါဥပုသ်သီလတို့ စောင့်ထိန်းခြင်း၊**
ကလျာဏမိတ္တတာ	**– မိမိအကျိုးကိုဆောင်တတ်ကုန်သော မိတ်ကောင်းဆွေမွန်ရှိခြင်း၊**
ကာလစာရီ	**– အချိန်အခါကာလဒေသကို လိုက်လျောညီထွေစွာ ပြုမူနေထိုင်ခြင်း၊**
ဗြဟ္မစာရီ	**– မမြတ်သောကာမဂုဏ်၊ မေထုန်အမှုတို့မှ ရှောင်ကြဉ်ခြင်း၊**

လို့ လေ့လာမှတ်သားဖူးပါတယ်။ ဒီအချက်တွေကို အတိအကျ လိုက်နာရင် အနာကင်းလို့ အသက်ရှည်မှာ မြေကြီးလက်ခတ်မလွဲပါပဲ။

စာရေးသူငယ်စဉ်က သင်ခန်းစာတစ်ခုမှာ သင်ယူခဲ့ရဖူးတာလေး ရှိပါတယ်။ ဒါကဘာလဲဆိုရင် လက်တွေ့မကျင့်သုံးနိုင်တဲ့ သဘောတရားဟာ အချည်းနှီးပဲဖြစ်သလို သဘောတရားမပါတဲ့ လက်တွေ့ဟာလည်း မပြည့်စုံဘူးတဲ့။ ဆေးလိပ်သောက်တာ၊ အရက်သေစာသောက်စားတာတွေလို **မကောင်းတဲ့ အကျင့်စရိုက်တွေကို အမြန်ဆုံးစွန့်လွှတ်ဖို့**နဲ့ မိမိရဲ့ ကျန်းမာရေးအတွက် သင့်တော်မယ့် အလေ့အထကောင်းရှိရင် လက်တွေ့ကျင့်ကြံဖို့ လိုပါတယ်။ စာရေးသူ ဥပမာတင်ပြခဲ့တဲ့ အဘိုးလို ကျန်းမာရေးကောင်းဖို့၊ အနာကင်းပြီး အသက်ရှည်ဖို့ စာရေးသူအနေနဲ့ စာဖတ်သူတိုင်းကို အသိပေးတင်ပြလိုတာက အသိနဲ့ သဘောတရားကို စာတွေ့ (Theory) မဟုတ်ဘဲ လက်တွေ့ (Practice)အဖြစ် လူမှုဘဝနယ်ပယ်ထဲ ရောက်အောင် အလေ့အကျင့် (Habit)လုပ်ပြီး လက်ခံဆောင်ရွက်သင့်တဲ့ အကြောင်းပါ။ နောက်ပြီး အနာရောဂါတွေ အလွယ်တကူ မဝင်ရောက်စေဖို့၊ ကျန်းမာဖို့၊ အနာကင်းလို့ အသက်ရှည်ဖို့ အမြဲသတိထားပြီး စနစ်တကျ အချိန်မှန် လမ်းလျှောက်ပေးပါ။ ဘာပဲစားစား ကြေညက်နေအောင် ဝါးစားပါလို့ အကြံပြုလိုပါတယ်။ ရှေးစာပေတွေမှာ လမ်းလျှောက်ခြင်း (စင်္ကြံလျှောက်ခြင်း)နဲ့ပတ်သက်လို့ အကျိုးငါးပါးရှိကြောင်း **"ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေကျက်၊ မပျက်သမာဓိ၊ ငါးမျိုးရှိ၊ များ၏ စင်္ကြံအကျိုးတည်း"**လို့ မှတ်သားလိုက်နာစရာ လင်္ကာဖွဲ့ဆိုထားတာ တွေ့ရပါတယ်။

အခုဆောင်းပါးမှာ အလျဉ်းသင့်လို့ စာရေးသူအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထုတ်ပြန်ထားတဲ့ သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့ဆိုတဲ့ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်ကလေးကိုလဲ လူတိုင်း တန်ဖိုးထား လိုက်နာတတ်ကြစေဖို့ မူရင်းအတိုင်း ဖော်ပြလိုပါသေးတယ်။

"သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့"

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

လမ်းလျှောက်ခြင်းသည်–

၁။ သွေးတိုး ကျစေသည်။
၂။ နှလုံးရောဂါကို ကာကွယ်နိုင်သည်။
၃။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။
၄။ အရိုးများ ကြံ့ခိုင်သန်စွမ်းစေသည်။
၅။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။
၆။ ကြွက်သားများ သန်စွမ်းဖျတ်လတ်စေသည်။
၇။ သွေးအတွင်းမှ အဆီကျစေသည်။
၈။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။
၉။ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး ဆောင်ရွက်နိုင်သည်။

ရောဂါဘယများကင်း၍ အသက်ရှည်ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ် နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

သိပ်ကို တန်ဖိုးရှိတဲ့ ကျန်းမာရေးပညာပေး နှိုးဆော်ချက်ပါပဲ။ အခုဆိုရင် ရာသီဥတုကလဲ ဆောင်းကာလမို့ အေးမြလာပါပြီ။ လမ်းလျှောက်ဖို့ အကောင်းဆုံးပွင့်လင်းရာသီလဲ ရောက်လာပြီမို့ **"ဘယ်သူမပြုမိမိမှု"**ဆိုသလို သွေးတိုး၊ ဆီးချို၊ နှလုံးစတဲ့ ရောဂါတွေ ဝင်ရောက်မလာအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ နေ့စဉ် လမ်းလျှောက်ပေးဖို့ လိုပါလိမ့်မယ်။ လူတိုင်းအလွယ်တကူ ဆောင်ရွက်နိုင်ပြီး ငွေကုန်ကြေးကျမရှိတဲ့ လမ်းလျှောက်ခြင်းကို အခုကစပြီး ဆောင်ရွက်ကြဖို့ **"ရောဂါကင်းလို့ ကျန်းမာဖို့ နေ့စဉ်နေ့တိုင်း လမ်းလျှောက်စို့"** လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

ကြေးမုံ The Mirror ကမ္ဘာတစ်လွှား ကျန်းမာရေးသတင်းများ

နှလုံးရောဂါကြောင့်သေဆုံးမှုအမြင့်ဆုံး

ကမ္ဘာပေါ်တွင် နှလုံးရောဂါကြောင့် သေဆုံးမှုနှုန်းထားအမြင့်ဆုံးနိုင်ငံမှာ ယူကရိန်းနိုင်ငံဖြစ်သည်။ လူဦးရေ ၁၀၀၀၀၀ လျှင် နှလုံးရောဂါဖြင့် သေဆုံးသူ ၆၈၆ ဦးအထိရှိသည်။

HIV/AIDS ကြောင့် သေဆုံးမှုအမြင့်ဆုံး

ကိုယ်ခံအားကျဆင်းမှုကူးစက်ရောဂါ HIV/AIDSကြောင့် ကမ္ဘာပေါ်တွင် သေဆုံးမှုအမြင့်မားဆုံးနိုင်ငံမှာ ဆွာဇီလန်နိုင်ငံဖြစ်သည်။ ၂၀၀၅ ခုနှစ်စာရင်းအရ လူဦးရေ ၁၀၀၀၀၀ လျှင် အိဒ်စ်ရောဂါကြောင့် သေဆုံးရမှုမှာ ၁၄၅၅ ဦးရှိသည်။

ကင်ဆာရောဂါကြောင့် သေဆုံးမှုအမြင့်ဆုံး

အိုအီးစီဒီနိုင်ငံများ၏ ၂၀၀၄ ခုနှစ်အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် ကင်ဆာရောဂါကြောင့် သေဆုံးမှုအမြင့်မားဆုံးနိုင်ငံမှာ နယ်သာလန်နိုင်ငံဖြစ်ကြောင်း သိရသည်။ လူဦးရေ ၁၀၀၀၀၀ လျှင် သေဆုံးရသူဦးရေသည် ၄၃၃ ဦးရှိသည်။

ဆီးချိုရောဂါဖြစ်ပွားမှုအမြင့်မားဆုံး

ကမ္ဘာပေါ်တွင် ဆီးချိုရောဂါအမျိုးအစား(၂) ဖြစ်ပွားမှုအများဆုံးနိုင်ငံမှာ အာရပ်ပြည်ထောင်စု စော်ဘွားများနိုင်ငံဖြစ်သည်။ အသက်၂၀ မှ ၇၉ နှစ်အကြားရှိ နိုင်ငံ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းသည် ထိုရောဂါ ခံစားနေရသူများဖြစ်သည်။ ဆီးချိုရောဂါ ဖြစ်ပွားမှုအမြင့်ဆုံး ၁၀ နိုင်ငံစာရင်းတွင် ပင်လယ်ကွေ့ဒေသမှ အခြားနှစ်နိုင်ငံလည်း ပါဝင်သည်။ ထိုနိုင်ငံများမှာ ကူဝိတ်နိုင်ငံနှင့် အိုမန်နိုင်ငံတို့ဖြစ်သည်။

သားမြတ်ကင်ဆာရောဂါ ဖြစ်ပွားမှုအမြင့်မားဆုံး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းအင်းအရ ရင်သားကင်ဆာ အဖြစ်အများဆုံးသောနိုင်ငံမှာ အိုက်စလန်နိုင်ငံဖြစ်သည်။ အမျိုးသမီးဦးရေ ၁၀၀၀၀၀ လျှင် ထိုရောဂါခံစားနေရမှု နှုန်းထားသည် ၃၉ ဒသမ ၄ ဦးနှုန်း ရှိသည်ဟုဆိုသည်။

အဝလွန်သူဦးရေ အမြင့်မားဆုံး

တောင်ပစိဖိတ်ကျွန်း နိုင်ငံတစ်ခုဖြစ်သည့် နော်ရူးနိုင်ငံသည် ကမ္ဘာပေါ်တွင် အဝလွန်သူအများဆုံး နေထိုင်သော နိုင်ငံဖြစ်သည်။ ထိုနိုင်ငံတွင် နေထိုင်သူအမျိုးသားဦးရေ၏ ၈၀ ဒသမ ၂ ရာခိုင်နှုန်းနှင့် အမျိုးသမီးဦးရေ၏ ၇၈ ဒသမ ၆ ရာခိုင်နှုန်းတို့မှာ အဝလွန်သူများဖြစ်သည်။

သာလွန်သားပျက်မှုအမြင့်ဆုံး

ရုရှားနိုင်ငံ၏ ဆေးရုံဆေးခန်းများတွင် ၂၀၀၄ ခုနှစ်က တရားဝင်မှတ်ပုံတင်ထားသော သားလျှောသားပျက်မှုစာရင်းသည် ၁ ဒသမ ၆ သန်းရှိသည့်အတွက် ကမ္ဘာပေါ်တွင် အများဆုံးနှုန်းထားပင်ဖြစ်သည်။ ထိုနှစ်က ကလေးအရှင် မွေးဖွားမှုအရေအတွက်သည် ၁ ဒသမ ၅ သန်းသာရှိရာ သားလျှောသားပျက်သည့် ပမာဏကပင် ပို၍များနေသည်ကို တွေ့ရကြောင်း စာရင်းအင်းဌာန၏ မှတ်တမ်းများအရသိရသည်။ ထိုနှုန်းအတိုင်း သားမွေးနှုန်း ကျဆင်းနေပါက နိုင်ငံ၏ လူဦးရေသည် ၂၁ ရာစုတွင် ၇၇ သန်းအထိပင် လျော့နည်းသွားနိုင်သည်ဟုဆိုသည်။

(အင်တာနက်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့ တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိ စာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တရေဝတထံ ဆန်ငါးအိတ်နှင့် ဆီတစ်ပုံးတို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (မြို့တော်စည်ပင်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ငွေကြာရံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အား ဖူးမြော်

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တောင်ဥက္ကလာပမြို့နယ်ရှိ ငွေကြာရံ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ပဓာန နာယက နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် ဇနီးတို့က ဆရာတော်အား စာသင်တိုက် အဝင်လမ်း အဆင့်မြင့်ရေးကိစ္စရပ်များကို လျှောက်ထားပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် ဆန်ငါးအိတ်နှင့် ဆီတစ်ပုံးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဇနီး မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့်အဖွဲ့သည် ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသော ကြက်ခြေနီ သင်တန်းဆင်းပွဲနှင့် ဝတ်စုံပေး အပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က သင်တန်းဆင်း လက်မှတ်များနှင့်မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ချုပ် အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှက သင်တန်းထူးချွန် ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ဇနီးတို့က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ကြက်ခြေနီဝတ်စုံများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းကြက်ခြေနီတပ်ဖွဲ့ ခေါင်းဆောင် ဒေါ်မိုးဆွေအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်

(၂၀-၁၂-၂၀၀၇)

အမှတ်(၁)စက်မှု – အမှတ်(၂)လျှပ်စစ်
(၃)ပွဲ – (၂)ပွဲ
နယ်စပ်/စည်ပင် – မွေး/ရေ
(၃)ပွဲ – ပွဲမရှိ

၂၁-၁၂-၂၀၀၇(ယနေ့)
ပြည်ထဲရေး – ဘဏ္ဍာ/အခွန်
အားကစား – နေပြည်တော်စည်ပင်
(ကြေးမုံ)

ကိုးဘွဲ့ရကျောင်းတိုက် မဟာဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ် ဦးဆောင်တည်ဆောက်လျက်ရှိသော ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၂)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီးရှိ ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်ကြီး၌ ရဟန်းအမကြီး ဒေါ်ထွေးထွေးအောင်၏ ရွှေရတုမွေးနေ့အမှတ်တရ ဓမ္မသဘင်များကို ငါးညတိုင်တိုင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၁ ရက်တွင် တွံတေးအရှင်ဣန္ဒက၊ ၂၂ ရက်တွင် ကြာကန်အရှင်ဝိစိတ္တသာရ၊ ၂၃ရက်တွင် ဒေါက်တာအရှင်ကောဝိဒ၊ ၂၄ ရက်တွင် ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရ၊ ၂၅ ရက်တွင် အရှင်အဂ္ဂါစာရ(ကိုးဘွဲ့ရကျောင်း)တို့က တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

၂၀၀၇ခုနှစ် (၄၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိမ်ဗိုလ်လုပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

၂၀၀၇ခုနှစ်(၄၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိမ်ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ဗိုလ်လုပွဲသို့ တက်ရောက်

ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရီးသွားအနုပညာရှင် သုံးဦးတို့၏ ပန်းချီနှင့်ဓာတ်ပုံ အနုပညာပြပွဲ

သတင်း-သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဒီဇင်ဘာ ၂၀

ပွင့်လင်းရာသီရောက်ခဲ့ပြီ။ ရာသီဥတု သာယာလာသည်နှင့်အမျှ အနုပညာရှင်အသီးသီး၏ အနုပညာပြပွဲများ ခင်းကျင်းပြသမှုကို ခပ်စိပ်စိပ် တွေ့မြင်နေရသည်။ အထူးသဖြင့် ပန်းချီအနုပညာရှင်များ၏ ပန်းချီပြပွဲများက အများစုဖြစ်သည်။

ပြပွဲတွင် ပန်းချီနှင့် ဓာတ်ပုံပညာရှင် ဦးမောင်မောင်လှမြင့်၊ ဓာတ်ပုံပညာရှင် ဦးစိန်မျိုးမြင့်နှင့် ပန်းချီပညာရှင် ဦးမင်းဝေအောင်တို့က ၎င်းတို့ စုစည်းပြသမည့် ပန်းချီနှင့်ဓာတ်ပုံများ ဖြစ်ပေါ်လာရပုံ အကြောင်းခြင်းရာများကို တစ်ဦးချင်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြသည်။

ပြပွဲ၏အမည်ကို Traveller(ခရီးသွားသူများ) ဟု အမည်ပေးထားပြီး အမည်နှင့်လိုက်ဖက်ညီစွာပင် မြန်မာပြည် အနှံ့အပြား ၎င်းတို့ သုံးဦး ခရီးသွားစဉ် တွေ့မြင်ကြုံတွေ့ခဲ့ရသည့် မြင်ကွင်းများ၏ ပုံရိပ်များကို ပန်းချီ၊ ဓာတ်ပုံအနုပညာတို့ဖြင့် သရုပ်ဖော်ထားသည့် လက်ရာများပင်ဖြစ်သည်။

ဆရာမောင်မောင်လှမြင့်က ပုဂံဒေသ၏ မြင်ကွင်းပန်းချီကားသုံးကား၊ ဆရာမင်းဝေအောင်က အထက်ချင်းတွင်း ဒေသတွင် ရေကြောင်းခရီးဖြင့် သွားရောက်စဉ် ခရီးလမ်းတစ်လျှောက် မြင်တွေ့ခဲ့ရသည့် ပုံရိပ်ပန်းချီကားသုံးကားနှင့် ဆရာစိန်မျိုးမြင့်၏ တိုင်းရင်းသားသွေးချင်းများ၏ ဒေသအသီးသီးသို့ ခရီးသွားရောက်စဉ် မှတ်တမ်းတင်ရိုက်ကူးခဲ့သည့် ဓာတ်ပုံ ၂၂ ပုံတို့ကို စုစည်းပြသသွားမည်ဖြစ်ရာ ပန်းချီနှင့် ဓာတ်ပုံအနုပညာ ညီအစ်ကိုများ၏ ခံစားချက်လက်ရာများကို ပေါင်းစပ်ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

အဆိုပါပြပွဲကို အမှတ် ၈၄ (အေ) သံလွင်လမ်းသွယ် ရွှေတောင်ကြား ၂ ရပ်ကွက် ဗဟန်းမြို့နယ်ရှိ New Treasure ပန်းချီပြခန်း၌ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသသွားမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ပန်းချီနှင့် ဓာတ်ပုံဝါသနာရှင်များ ခရီးသွားသူသုံးဦးတို့၏ မြင်ကွင်းပုံရိပ်များကို သွားရောက် ခံစားကြည့်ရှုနိုင်ကြပါကြောင်း ကြိုတင်သတင်းကောင်းပါးလိုက်ရပါသည်။

ဘုံတလာပဥ္စမဆင့်

ဆရာစိန်မျိုးမြင့်၏ ဘုံတလာပဥ္စမဆင့် ၂၄" x ၃၀" ဓာတ်ပုံကို တွေ့ရစဉ်။

ဆရာမောင်မောင်လှမြင့်၏ ဓမ္မရုံကြီး (၁) ၆၀" x ၈၄" ပန်းချီကားကို တွေ့ရစဉ်။

မြင်ကွင်း(၁)

ဆရာမင်းဝေအောင်၏ မြင်ကွင်း (၁) ၆၀" x ၇၂" ပန်းချီကားကို တွေ့ရစဉ်။

တက်ရောက်

ယခုတစ်ဖန် တစ်မူထူးခြားစွာဖြင့် ပန်းချီနှင့် ဓာတ်ပုံပညာရှင်သုံးဦး ပူးပေါင်းပြသမည့် ပန်းချီနှင့်ဓာတ်ပုံ ပြပွဲနှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ် Ruby House ခန်းမ၌ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ စာပေနှင့် ပန်းချီ၊ ဓာတ်ပုံ၊ ကာတွန်း အနုပညာရှင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၂-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၄။ မဟာဂီတ ချိုကြည်မြ
၄:၅၅ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၃၀ ၁၁။ စောင့်မျှော်ရူစားကြိုးဝိုင်းစကား
၆:၄၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပုံရိပ်ပမာ" (အပိုင်း-၅၃)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ စိုက်ပျိုးသုတ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိမ်းငှက်သူရဲကောင်း" (အပိုင်း-၁၅)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)၏ အဆင့်မြင့် G.M.P ဇရိယာ အပိုင်း၌ ပါဝင်သော ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကန့်သတ်ချက်များကြောင့် ဆေးဝါးဖြန့်ဖြူးရောင်းချမှုအပိုင်း၌ အားနည်းမှုများဖြစ်ခဲ့

ပြည်သူများ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်သည့်၊ အရည်အသွေးမြင့်မားသည့် ဆေးဝါးများကို စက်စွမ်းအ

✱ ကျောဖုံးမှ

ဤစက်ရုံကြီး ဖွင့်လှစ်နိုင်သဖြင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် လိုအပ်သော ဆေးပြား၊ ဆေးတောင့်၊ သွေးကြောသွင်းဆေးရည်၊ ထိုးဆေး၊ လိမ်းဆေး၊ ဆေးမှုန့် စသည့် အဆင့်မြင့် ဆေးဝါးများကို ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ ဆေးဝါးလိုအပ်ချက်အရ ယခုထုတ်လုပ်မည့် ဆေးဝါးများသည် ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှု နည်းစဉ်များအရ ထုတ်လုပ်သည့် အရည်အသွေးမြင့်မားသော ဆေးဝါးများဖြစ်ကြောင်းကို သိရှိရကြောင်း။

နိုင်ငံတော်၏ စေတနာဖြင့် ပေါ်ထွန်းလာသည့် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) အရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြရာ၌ပြည်သူလူထုကျန်းမာရေးအတွက် ဆေးပြား၊ ဆေးတောင့်၊ သွေးကြောသွင်းဆေးရည်၊ ထိုးဆေး၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်တို့ကို ပြည်ပမှ တင်သွင်းနေရမှုအား လျှော့ချပြီး အစားထိုး ထုတ်လုပ်သွားနိုင်ရန် ရည်ရွယ်၍ ဤစက်ရုံကြီးကို တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ထုတ်လုပ်သည့် ဆေးဝါးများကို G.M.P (Good Manufacturing Practice) နည်းစဉ်များအရထုတ်လုပ်ခြင်းဖြစ်၍ ဆေးဝါးများ၏အရည်အသွေး၊ အဆင့်အတန်းမှာ မြင့်မားပါကြောင်း။

ပြည်သူများ၏ ကျန်းမာရေးအတွက် လိုအပ်သော ဆေးဝါးများကို ဖြည့်ဆည်းပေးနိုင်ရန် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)တိုးချဲ့ရေးလုပ်ငန်းကို ဆောင်ရွက်သည်သာမက မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) အပါအဝင် ဆေးဝါးစက်ရုံများကို တည်ဆောက်၍ ဆေးဝါးများ ထုတ်လုပ်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံ ပြည်သူတစ်ဦးဖြစ်သည့် ဦးအောင်ငွေကျော်က ပြင်ဦးလွင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိရေးတို့ကို အထောက်အကူပြုသည့် စက်ရုံကြီး ပြင်ဦးလွင်မြို့နယ်၌ တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ပြင်ဦးလွင်မြို့နယ် အနီးစခန်း အခြေခံပညာ အထက်တန်းကျောင်း တို့အတွက် လှူဒါန်းငွေများကို သက်ဆိုင်ရာ တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေနှင့် စက်ရုံမှူး ဒေါက်တာမြင့်စိန်တို့က စက်ရုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ အဆင့်မြင့် G.M.P ဇရိယာအပိုင်း၌ ပါဝင်သော ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးထုတ်လုပ်ရေးအတွက် စိုက်ပျိုးထားသည့် ဒေါနရွှေဝါ (အာတီမီးစီးယား) ပျိုးပင်နှင့် ဒေါနရွှေဝါပင်များ၊ အာတီမီးစီးယား မျိုးစေ့များကိုလည်းကောင်း၊ စင်ကိုနာ ပျိုးပင်များ၊ စင်ကိုနာ အခေါက်၊ စင်ကိုနာအမြစ်ဆုံ နမူနာများကိုလည်းကောင်း ရှင်းလင်းပြသသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဝန်ကြီး ဦးအောင်သောင်းက မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)သို့ ဗိုလ်ချုပ်မှူးကြီး ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များနှင့် စပ်လျဉ်း၍ လိုက်နာအကောင်အထည်ဖော် ပြီးစီးမှုများ၊ ဆောင်ရွက်လျက်ရှိသည့် ဆေးဝါးစက်ရုံစီမံကိန်းများ၊ ဆေးဝါးလိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများ၊ ကုန်ကြမ်းလိုအပ်ချက်များ၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)၌ အရည်အသွေး အဆင့်အတန်းမီ ထုတ်လုပ်သည့် ဆေးဝါးများ၊ အရည်အသွေး စစ်ဆေးကြပ်မတ်မှုများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာ၌ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုနိုင်ရန် ခေတ်မီဆေးဝါးစက်ရုံများကို မိမိတို့ တည်ဆောက်ထူထောင်လျက်ရှိကြောင်း။

ဆေးဝါးစက်ရုံများက ထုတ်လုပ်သည့် ဆေးဝါးများ၊ အထူးသဖြင့် အိမ်သုံး ဆေးဝါးများကို ပြည်သူများထံ မြန်မြန်ဆန်ဆန် ပျံ့ပျံ့နှံ့နှံ့ ရောက်ရှိအောင် ဆေးဝါးဖြန့်ဖြူးသည့် စနစ်ကို သုံးသပ်စဉ်းစားရန်လိုကြောင်း၊ ကန့်သတ်ချက်များကြောင့် ဆေးဝါးဖြန့် ဖြူးရောင်းချမှု အပိုင်း၌ အားနည်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို ပြုပြင်သွားရန်လိုအပ်ကြောင်း။

စက်စွမ်းအားပြည့်ထုတ်လုပ်

တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည့် စက်ရုံများက ပြည်သူများအတွက် ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်သည့် ဆေးဝါးများ၊ အရည်အသွေး မြင့်မားကောင်းမွန်သည့် ဆေးဝါးများကို စက်စွမ်းအားပြည့် ထုတ်လုပ်သွားရန်လည်း လိုကြောင်း။

ဆေးဝါးစက်ရုံများအတွက် လိုအပ်သော ဆေးဝါးကုန်ကြမ်းများကိုလည်း ဖြစ်နိုင်သမျှ ပြည်တွင်းမှပင် ရရှိအောင် ကြိုးပမ်းကြရန်လိုကြောင်း။

အမှတ်(၁) စက်မှုဝန်ကြီးဌာန တစ်ခုတည်းသာမကဘဲ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနတို့ကလည်း အာတီမီးစီးယားနှင့် စင်ကိုနာကဲ့သို့သောဆေးဝါးကုန်ကြမ်းပင်များကို ပူးပေါင်းတာဝန်ယူ စိုက်ပျိုးကြရန်လိုကြောင်း၊ ကုန်ကြမ်း ဆေးဝါးပင်များကို နောင်၌ ပြည်ပပို့ကုန်အဖြစ်ပါ ရည်မှန်းပြီး စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ ဆေးဝါးပင်စိုက်ပျိုးမှုလုပ်ငန်းတွင် ပုဂ္ဂလိကအပိုင်းက

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာ၌ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုနိုင်ရန် ခေတ်မီဆေးဝါးစက်ရုံများကို မိမိတို့ တည်ဆောက်ထူထောင်လျက်ရှိကြောင်း။

ဆေးဝါးစက်ရုံများက ထုတ်လုပ်သည့် ဆေးဝါးများ၊ အထူးသဖြင့် အိမ်သုံး ဆေးဝါးများကို ပြည်သူများထံ မြန်မြန်ဆန်ဆန် ပျံ့ပျံ့နှံ့နှံ့ ရောက်ရှိအောင် ဆေးဝါးဖြန့်ဖြူးသည့် စနစ်ကို သုံးသပ်စဉ်းစားရန်လိုကြောင်း၊ ကန့်သတ်ချက်များကြောင့် ဆေးဝါးဖြန့် ဖြူးရောင်းချမှု အပိုင်း၌ အားနည်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို ပြုပြင်သွားရန်လိုအပ်ကြောင်း။

ပါဝင်လာအောင်လည်း အားပေးသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

တည်ဆောက်ထား

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)ကို ပြင်ဦးလွင်မြို့ အနီးစခန်း လေဆိပ်အနီး၌ တည်ဆောက်ထားသည်။

စက်ရုံမှ ပထမအဆင့်အဖြစ် ဆေးပြား၊ ဆေးတောင့်များကို ၂၀၀၅ ခုနှစ် မတ်လမှ စတင်ထုတ်လုပ်ခဲ့သည်။ ထိုးဆေး၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်၊ သွေးကြောသွင်း ဆေးရည်များကို ဒုတိယအဆင့်အဖြစ် ၂၀၀၇ ခုနှစ် အောက်တိုဘာလမှ စတင်၍ ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)က

အားနည်းမှုများဖြစ်ခဲ့သည်ကို ပြုပြင် ဆေးဝါးများကို စက်စွမ်းအားပြည့် ထုတ်လုပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆေးဝါး ထုတ်လုပ်ရေးအတွက် စိုက်ပျိုးထားသည့် ဒေါနရွှေဝါ (အာတီမီးစီးယား) ပျိုးပင်နှင့် အာတီမီးစီးယားမျိုးစေ့များ၊ စင်ကိုနာပျိုးပင်များ၊ စင်ကိုနာအခေါက်နှင့် စင်ကိုနာအမြစ်ဆုံ နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)အပြင် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (စစ်ကိုင်း)၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံ၊ အထူးဆေးဝါး ထုတ်လုပ်ရေးစက်ရုံ အမှတ်(၁)နှင့် အမှတ်(၂)၊ မြန်မာနိုင်ငံဆေးဝါး လုပ်ငန်းစက်ရုံ(ရန်ကုန်) တိုးချဲ့၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)တို့မှလည်း ဆေးဝါးများ ထုတ်လုပ်လျက်ရှိသည်။

အကြီးဆုံးခေတ်မီစက်ရုံ

အဆိုပါ စက်ရုံများအနက် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)မှာ အကြီးဆုံး ခေတ်မီစက်ရုံကြီး ဖြစ်သည်။

၎င်းစက်ရုံမှ ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးနှင့် သွေးကြောသွင်း ဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့် ဆေးအမယ် စုစုပေါင်း ၁၆၂ မျိုး ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

...မ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ...မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) ...ပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စက်စွမ်းအားပြည့်ထုတ်လုပ်

တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည့် စက်ရုံများက ပြည်သူများအတွက် ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်သည့် ဆေးဝါးများ၊ အရည်အသွေး မြင့်မားကောင်းမွန်သည့် ဆေးဝါးများကို စက်စွမ်းအားပြည့် ထုတ်လုပ်သွားရန်လည်း လိုကြောင်း။

ဆေးဝါးစက်ရုံများအတွက် လိုအပ်သော ဆေးဝါးကုန်ကြမ်းများကိုလည်း ဖြစ်နိုင်သမျှ ပြည်တွင်းမှပင် ရရှိအောင် ကြိုးပမ်းကြရန်လိုကြောင်း။

အမှတ်(၁) စက်မှုဝန်ကြီးဌာန တစ်ခုတည်းသာမကဘဲ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနတို့ကလည်း အာတီမီးစီးယားနှင့် စင်ကိုနာကဲ့သို့သော ဆေးဝါးကုန်ကြမ်းပင်များကို ပူးပေါင်းတာဝန်ယူ စိုက်ပျိုးကြရန်လိုကြောင်း၊ ကုန်ကြမ်း ဆေးဝါးပင်များကို နောင်၌ ပြည်ပပို့ကုန်အဖြစ်ပါ ရည်မှန်းပြီး စိုက်ပျိုးကြရန် ဖြစ်ကြောင်း၊ ဆေးဝါးပင်စိုက်ပျိုးမှုလုပ်ငန်းတွင် ပုဂ္ဂလိကအပိုင်းက

တစ်နှစ်လျှင် ဆေးပြားဆေးတောင့် သန်း ၂၁၀၀၊ ဆေးရည် ၀ ဒသမ ၅ လီတာသန်း၊ လိမ်းဆေး ၀ ဒသမ ၂၀၅ ကီလိုသန်း၊ ဆေးမှုန့် ၀ ဒသမ ၇၅ ကီလိုသန်း၊ ထိုးဆေးများ သန်း ၅၀ နှင့် သွေးကြောသွင်းဆေးရည် ၁၀ သန်း ထုတ်လုပ်ပေးလျက်ရှိသည်။

ဆေးဝါးများထုတ်လုပ်

မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံဆေးဝါး

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)တွင် ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေး၊ ဆေးရည်၊ သွေးကြောသွင်းဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့်များကို ဝန်ထမ်းများ ထုတ်လုပ်နေကြစဉ်။ (သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်းပြိုင်ပွဲဝင် ပန်းချီကားများ ပြန်လည်ထုတ်ယူနိုင်

ရန်ကုန် ဒီဇင်ဘာ ၂၀

ထွန်းဖောင်ဒေးရှင်းဘဏ်ကစီစဉ်ပြီး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ပါဝင်ကူညီသည့် Best Painting of the Year 2007 အနုပညာပြိုင်ပွဲ၊ ပြပွဲကြီးကို မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ပြသလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများနှင့် နိုင်ငံခြားသားဧည့်သည်များ ၊ပြည်တွင်းပြည်ပမှ ပန်းချီကားဝယ်ယူစုဆောင်းသူများစိတ်ဝင်တစားကြည့်ရှုဝယ်ယူ အားပေးကြကြောင်း သိရသည်။ ပြိုင်ပွဲ၊ ပြပွဲဝင် ပန်းချီကားများကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်၌ ရုံးချိန်အတွင်း ပြိုင်ပွဲပြုလုပ်ရာ မြန်မာနိုင်ငံဘဏ်များအသင်း၌လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ မူလပန်းချီကားများ တင်ရာ သိမ်ဖြူလမ်း၊ ထွန်းဖောင်ဒေးရှင်း၌လည်းကောင်း ရုံးချိန်အတွင်း လက်ခံဖြတ်ပိုင်းပြသ၍ ထုတ်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ခေတ္တရာအသင်း (ရန်ကုန်)အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၀

ခေတ္တရာအသင်း ရန်ကုန်မြို့ (ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်) ၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၇ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက် ဓာတ်လှေကားအနီး ဒဂုံမြို့နယ်ရှိ ခေတ္တရာအသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ အသက်(၇၅)နှစ်ပြည့်ပြီး အပူဇော်ခံ သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၇ ခုနှစ် အပထနှင့် တက္ကသိုလ်၊ ကောလိပ်အတန်းစုံတွင် ဂုဏ်ထူးရရှိကြသည့် အသင်းဝင်များ၏သားသမီးများ၊ အပူဇော်ခံသက်ကြီးများ၊ ဂုဏ်ပြုခံ ကျောင်းသားများ၏ အမည်စာရင်းကို သက်ဆိုင်ရာပညာရေးဌာန၏ ထောက်ခံချက်များနှင့်အတူ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၅ရက်နောက်ဆုံးထား၍ ဦးသန်းထွန်း ဖုန်း-၃၇၄၅၃၁၊ ဦးမြေ့အောင် ဖုန်း-၅၃၀၆၇၄၊ ဦးဘိုနီ ဖုန်း-၇၀၉၀၄၅၊ ဦးဖေကြည် ဖုန်း-၃၈၈၅၉၉၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း)ဖုန်း-၅၂၆၃၄၃၊ ဦးခင်မောင်ဘို ဖုန်း-၆၅၁၉၃၈၊ ဦးဝင်းမော် ဖုန်း-၂၄၂၁၃၈၊ ဒေါ်ဥမ္မာသန်း ဖုန်း-၂၄၉၀၉၂ တို့ထံ စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ (က-ပ)

သီတဂူကြယ်တစ်ပွင့် ဓမ္မသဘင်

ရန်ကုန် ဒီဇင်ဘာ ၂၀

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည် ကျောင်းတိုက် သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဒီဇင်ဘာ ၂၄ ရက် ည၌ ရှမ်းမလေးမိသားစုအလှူ ပေါင်းတည်မြို့၊ ၂၅၊ ၂၆ ရက်ည၌ နာရေးကူညီမှုအသင်း မကွေးမြို့၊ ၂၇ ရက်ည၌ ရှင်ပြုပွဲ စက်မှု(၁) မန္တလေး၊ ၂၈ ရက်ည၌ ညောင်ပင်ဝန်းရွာ စစ်ကိုင်းမြို့၊ ၂၉ ရက်ည၌ နေပူကုန်းရွာ ဝမ်းတွင်းမြို့၊ ၃၀ ရက်(ဆည်းဆာ)၌ စက်မှု(၁) မန္တလေး၊ ၎င်းည၌ အေးငြိမ်းချမ်းသာဓမ္မာရုံ မာလကာခြံ၊ မန္တလေး၊ ၃၁ ရက်ည၌ ပြည်ရိပ်မွန်အိမ်ရာ ကမာရွတ် ရန်ကုန်၊ ဇန်နဝါရီ ၁ ရက်ည၌ သုံးဆယ်မြို့၊ ၂ ရက်ည၌ နာရေးကူညီမှုအသင်း လားရှိုးမြို့၊ ၃ ရက်ည၌ အိုးဖိုရပ် ကြည့်မြင်တိုင် ရန်ကုန်၊ ၄ ရက်ည၌ (၄၆)လမ်း ဗိုလ်တထောင် ရန်ကုန်၊ ၅ ရက် (ဆည်းဆာ)၌ ဗုဒ္ဓဝိဟာရဓမ္မာရုံ ဈေးကလေးရပ် ကြည့်မြင်တိုင် ရန်ကုန်၊ ၎င်းည၌ ဘုရားငါးဆူ ပန်းပင်ကြီးလမ်း ကြည့်မြင်တိုင်၊ ၆ ရက် ည၌ မြို့ပတ်လမ်း ပုသိမ်ညွန့် ရန်ကုန်၊ ၇ ရက် ည၌ မြို့မရပ် သဃ်န်းကျွန်း ရန်ကုန်၊ ၈၊ ၉ ရက် ည၌ မြိုင်ကလေး ဘားအံ၊ ၁၀၊ ၁၁ ရက် ည၌ ရွှေစာရံဘုရား သထုံမြို့၊ ၁၂ ရက်ည၌ အိန္ဒုရွာ ဘားအံ၊ ၁၃၊ ၁၄ ရက်ည၌ ဓမ္မောဇဓမ္မသဘင် မော်လမြိုင်မြို့ တရားပွဲများ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၂-၂၀၀၇(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈း၂၀	၈။	နတ်သားတောရေလှောင်တမံ
၈း၃၀	၉။	International News.
၈း၄၅	၁၀။	EnglishforEverydayUse.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၄း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅း၀၀	၅။	မြန်မာစာ၊ မြန်မာစကား
၅း၁၅	၆။	**“ဇင်ဇင်နှင့်ခြင်ကျား” (ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်) (ဒါရိုက်တာ- စင်ရော်မောင်မောင်)**
၅း၂၅	၇။	နှောင်းခေတ်တေးပဒေသာ
၅း၄၀	၈။	မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့ (အပိုင်း-၂)
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၇း၁၅	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေး တတိယချစ်ပုံပြင်” (အပိုင်း-၂၉)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူများ” (အပိုင်း-၁၂)**
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ဗိုလ်အောင်ကျော် ပစ္စည်းသိုလှောင်ရုံရှိ သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများအား ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အမှတ်(၃) ဗိုလ်အောင်ကျော်ဆိပ်ခံတံတားနှင့် အမှတ်(၅) ဆူးလေဆိပ်ခံတံတားရှိ ဆိပ်ကမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၀

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အမှတ်(၃) ဗိုလ်အောင်ကျော် ကုန်သေတ္တာတံတားသို့ သွားရောက်၍ ဗိုလ်အောင်ကျော်ပစ္စည်းသိုလှောင်ရုံရှိ သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများအား စစ်ဆေးရေးအဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ ကုန်သေတ္တာအတွင်းသို့ ပစ္စည်းများ စနစ်တကျ တင်ဆောင်ထားရှိမှု၊ သိုလှောင်ရုံအတွင်း ပစ္စည်းများ စနစ်တကျထားရှိမှုနှင့် ကုန်သေတ္တာများကို X-Ray စက်ဖြင့် ဖြတ်သန်းမောင်းနှင စစ်ဆေးနေမှု အခြေအနေတို့ကိုလည်းကောင်း၊ ဗိုလ်အောင်ကျော်တံတားတွင် ဆိုက်ကပ်ရောက်ရှိနေသော MVLU SHAN သင်္ဘောကြီးပေါ်မှ ပစ္စည်းများ တင်ချဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆူးလေအမှတ်(၅) ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် မကွေးသင်္ဘောကြီး ပေါ်သို့ သစ်လုံးများ တင်ဆောင်နေမှု၊ မိုင်းလား သင်္ဘောပေါ်မှ ကုန်ပစ္စည်းများ တင်ချဆောင်ရွက်နေမှုနှင့် ဆူးလေ ဆိပ်ကမ်းတွင် နိုင်ငံခြားသင်္ဘောကြီး များ ဝင်ရောက်ဆိုက်ကပ်ပြီး ပစ္စည်း များ တင်ချနေမှု အခြေအနေများနှင့် ဆိပ်ကမ်းသာယာလှပရေး ဆောင်ရွက် ထားရှိမှု အခြေအနေများကို ဆိပ်ကမ်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများအား ဆိပ်ကမ်းသို့ ရောက်ရှိ လာသော ကုန်သေတ္တာနှင့် ထုတ်ကုန်/ သွင်းကုန်ပစ္စည်းများကို ရွေးယူရာတွင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန် စေရေးအတွက် သတ်မှတ်စည်းကမ်း နည်းလမ်းများနှင့်အညီ စနစ်တကျ မြန်ဆန်အောင် ဆောင်ရွက်ရေး၊ ဝန်ထမ်းများ ဝန်ထမ်းစည်းကမ်းနှင့် အညီ စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်း များ အောင်မြင်အောင် စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ကျန်းမာရေးအသိပညာပေးပြခန်းများ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မာရီစတုပ်စ်အင်တာနေရှင်နယ်(မြန်မာ) အပြည်ပြည်ဆိုင်ရာ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးအဖွဲ့(သဃ်္ဃန်းကျွန်း) နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းရေးဖြေ ပြိုင်ပွဲ၊ ကာတွန်းနှင့် ပန်းချီ၊ ပိုစတာပြိုင်ပွဲဆုပေးပွဲနှင့် ၂၀၀၇ ခုနှစ်ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေး အသိပညာပေး၊ ပြခန်းများ ဖွင့်လှစ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပညာရေးမှူး ဦးရှိန်းလိန်းအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ဖြူဖြူစိုးနှင့် မာရီစတုပ်စ်အင်တာ နေရှင်နယ်မှ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာစစ်နိုင်တို့က အသီးသီး ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲများတွင် ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများနှင့် အသင်းအဖွဲ့များမှ ဆုရရှိသူများအား ထူးချွန်ဆု များ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် မာရီစတုပ်စ် အင်တာနေရှင်နယ်(မြန်မာ)မှ ဒေါက်တာ စစ်နိုင်တို့က ကမ္ဘာ့ခုခံအား ကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးအသိ ပညာပေး ပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။ **(အောက်ပုံ)** (၅၀၆)

ဒီဇင်ဘာအားကစားလ လှုပ်ရှား

သာကေတမြို့နယ် အမက(၃၈)တွင် ဒီဇင်ဘာအားကစားလှုပ်ရှားမှု ကွင်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ရက်က ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးတင်ထွန်း အဖွင့်အမှာစကား ပြောကြားစဉ်။ (ပညာရေး)

အင်းမ အထက အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြည်ခရိုင် အင်းမမြို့ အထကတွင် (၁၉၅၃ မှ ၂၀၀၇)ခုထိ ပညာသင်ကြားပေးခဲ့သော အသက်(၆၀) ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၂၁)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်တွင် အင်းမ အထက သီတဂူခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

ဆက်သွယ်နိုင်

အလှူငွေများကို ရန်ကုန်မြို့၌ ဦးသိန်းဆောင် ဖုန်း-၀၁-၂၂၁၇၇၆၊ ဦးသိန်းမင်း(ရွှေပါရမီ) ဖုန်း-၀၉၅၁ ၃၃၅၇၉၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉၅၁ ၀၈၁၇၁၊ အင်းမမြို့၌ ဦးသိန်းအောင် ဖုန်း-၀၅၃-၃၈၄၀၀၊ လိုင်းခွဲ ၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းဟောင်းများ အဌမအကြိမ်မြောက်သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အငြိမ်းစားယူသွားခဲ့ကြသော အသက်(၇၅)နှစ်အထက် ဝန်ထမ်းဟောင်းများအား အဌမအကြိမ် သက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ်၃၈ရှိ ဓိဝိတဒါန သံဃာ့ဆေးရုံကြီး အလှူမင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ် အထက် ဝန်ထမ်းဟောင်းများ စာရင်းပေးပို့ကြရန်နှင့် လက်ရှိ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ၊ ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ကန်တော့ပွဲသို့ တက်ရောက် ပူဇော်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းနိုင်

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးတင်မြင့် ဖုန်း-၀၁-၅၇၃၈၀၆၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၅၅၄၃၀၉ နှင့် ဦးမြင့်သိန်း ဖုန်း-၀၉၅၁၈၅၁၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မော်လမြိုင်စက်မှုလက်မှုအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၈ ရက်က ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများ ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း မိဘဆရာအသင်း အစည်းအဝေးနှင့် ဆုနှင်းသဘင်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ခုနှစ် အကြိမ်(၄၀)မြောက် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင် ကျောင်းသား၊ ကျောင်းသူများ ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

သက်ရှိလောက တည်မြဲဖို့ သဘာဝ တောတွေထိန်းသိမ်းစို့

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) လက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်နယ်မှ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ/စစ်သည်မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားအသင်းများနှင့် အသင်းအုပ်ချုပ်သူအရာရှိများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လက်ဝှေ့ပြိုင်ပွဲဝင် အားကစားအသင်းများ အားကစားခန်းမအတွင်း နေရာယူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား)တိုင်းမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် လက်ဝှေ့ပြိုင်ပွဲဝင်အသင်းများက တိုင်းမှူးအား အလေးပြု၍ အားကစားခန်းမအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဧည့်ပရိသတ်များက တပ်မတော်(ကြည်း/ရေ/ လေ) လက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပြိုင်ပွဲ အစီအစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂရင်းရွိုင်ရယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေး သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

GRAND ROYAL SPECIAL RESERVE GOLF CHAMPIONSHIP 2008 သတင်းစာရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ Dusit Inya Lake Hotel, Ball Room၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးချမ်းဟန် (Han Golf Masters Pte.,Ltd.)က ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဧည့်သည်များက ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီးသတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ GRAND ROYAL SPECIAL RESERVE GOLF CHAMPION SHIP 2008 ပြိုင်ပွဲကို Qualify Round နှင့် Final Round ဟူ၍ နှစ်ပိုင်းခွဲခြား၍ Qualify Round ပြိုင်ပွဲများကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၅ရက်နှင့် ၆ရက်တို့တွင် မကွေးမြို့ရှိ Phan Khar Myay Golf Club ၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မန္တလေးမြို့ရှိ Shwe Mann Taung Golf Resort ၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ်၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး Final Round ကို မတ် ၁၄ ရက်၊ ၁၅ရက်နှင့် ၁၆ ရက်တို့တွင် ရန်ကုန်မြို့ရှိ City Golf Resort (Pondy Course) ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂရင်းရွိုင်ရယ် ဂေါက်သီးရိုက်ပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီး ရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည် အဖွင့်အမှာစကားပြောကြားစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလားနှင့် ကန်တော်ကြီးဒေသဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲဖွင့်

တောင်ကြီး ဒီဇင်ဘာ ၂၀

၂၀၀၇ ခုနှစ် နဝမအကြိမ်မြောက် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ဥက္ကဋ္ဌဖလား အကြီးတန်းဘောလုံးပြိုင်ပွဲနှင့် ကန်တော်ကြီးဒေသဥက္ကဋ္ဌဖလား လူသစ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီး နောင်ကားစံပြကျေးရွာဘောလုံးကွင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်တို့ကပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားကြသည်။ ထို့နောက် နောင်တရား ဘောလုံးအသင်းနှင့် ရပ်စောက်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နောင်တရားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အကြီးတန်းပြိုင်ပွဲသို့ အသင်း ၁၀ သင်း၊ လူသစ်တန်းပြိုင်ပွဲသို့ အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင် အမှာစကား ပြောကြားစဉ်။ (ကြေးမုံ)

ရောဂါဆိုးသုံးမျိုး ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် အသိပညာပေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

ရောဂါဆိုးသုံးမျိုး ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသိပညာပေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လားရှိုး မိုတယ်ခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ ရှမ်းပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဦးမောင်မောင်အောင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဝင် တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင်၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသုတ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)အတွင်းရေးမှူး ဦးမောင်မောင်အောင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ UNODC မှ စီမံချက်ညှိနှိုင်းရေးမှူး ဒေါက်တာသန္တာလွင်က လုပ်ငန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

လားရှိုး၊ မူဆယ်၊ တန့်ယန်း၊ သိန္နီ၊ တာချီလိတ်မြို့နယ်များတွင် မူးယစ်ဆေးဝါးသုံးစွဲသူများအကြား HIV, AIDS ကူးစက်မှုအန္တရာယ်လျှော့ချရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးစခန်းများမှ ထူထောင်မှုခံယူပြီးသူများအား နောက်ဆက်တွဲစောင့်ရှောက်မှုခံနိုင်ရန်နှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး လုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်မည့် လူထုအခြေပြုအဖွဲ့အစည်းများဖြစ်သော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း(ရန်ကုန်)၊ (မန္တလေး)တို့မှ ဥက္ကဋ္ဌများ၊ မျိုးတူအုပ်စုများအတွင်း အန္တရာယ်လျှော့ချရေး လုပ်ငန်းဆောင်ရွက်မည့် လူငယ်အားမာန်အဖွဲ့နှင့် အိုအေစစ်အဖွဲ့တို့မှ ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး UNODC, 3DF အဖွဲ့၊ ပူးပေါင်းဆောင်ရွက်မည့်အဖွဲ့များမှ ကူညီဆောင်ရွက်ပေးမည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော လုပ်ငန်းများကို ပြန်လည်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။

(လူမှုဝန်ထမ်း)

ပွဲဦးထွက် ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည့် နောင်တရားအသင်းနှင့် ရပ်စောက်အသင်းတို့အား ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်လံနှုတ်ဆက်စဉ်။ (ကြေးမုံ)

မြန်မာ–ထိုင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးစည်းဝေး

(၁၂)ကြိမ်မြောက် မြန်မာ–ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်း ထိန်းချုပ်ရေး အစည်းအဝေးကို နေပြည်တော်၌ ကျင်းပစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)၏ (၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင်ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ရုံးချုပ်) သင်တန်းခန်းမ၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းက အဖွင့်အမှာစကား ပြောကြားပြီး ဂုဏ်ထူးဆောင်နာယက ဒေါက်တာနေဝင်းအား အမှတ်တရ ဂုဏ်ထူးဆောင်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းသို့ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဒေါက်တာစိုးမြင့်နှင့် ဦးခွန်မြတ် (လထော်)တို့က ငွေကျပ်တစ်သိန်းစီ၊ မွန်ပြည်နယ် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးနေဝင်း (Arrow Myanmar Enterprise Ltd.) က ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်၍ နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြား အတည်ပြုသည်။ ထို့နောက် Burnet Institute Technical Assistance ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ တာဝန်ရှိသူများက ညှိနှိုင်းရေးဆွဲထားသော MANA Strategic Plan နှင့် MANA Operational Plan တို့ကို တွဲဖက်အတွင်းရေးမှူး (နိုင်ငံတကာဆက်ဆံရေး) ဦးသာထွန်းက ဖတ်ကြားတင်ပြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ (၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ဂုဏ်ထူးဆောင်နာယက ဒေါက်တာနေဝင်းအား အသင်းဥက္ကဋ္ဌ ဦးစံသိန်းက အမှတ်တရ ဂုဏ်ထူးဆောင်လက်မှတ်ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၂)ကြိမ်မြောက် မြန်မာ–ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

(၁၂)ကြိမ်မြောက် မြန်မာ–ထိုင်း နှစ်နိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို ဒီဇင်ဘာ ၁၇ရက်နှင့် ၁၈ရက်တို့တွင် နေပြည်တော်၌ကျင်းပရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန ဌာနမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၊ မြန်မာ– ထိုင်း နယ်စပ်တစ်လျှောက်ရှိ တာချီလိတ်၊ မြဝတီနှင့် ကော့သောင်း မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအထူးအဖွဲ့များမှ ကြီးကြပ်သူများ၊ မူးယစ်တရားမဝင်ငွေကြေးပစ္စည်း စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၇ ဦးနှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) မှ အထက်တန်းအကြံပေး Mr. Chartchai Suthiklom ဦးဆောင်သည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဗျူရိုမှ တာဝန်ရှိသူ စုစုပေါင်းကိုယ်စားလှယ် ၁၂ဦးတို့ တက်ရောက်ကြသည်။

အိမ်ရှင်နိုင်ငံ

၁၉၉၇ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးများကို နှစ်စဉ် အလှည့်ကျကျင်းပခဲ့ရာ (၁၂)ကြိမ်မြောက် အစည်းအဝေးကို ကျင်းပရန် အလှည့်ကျရောက်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

ညှိနှိုင်းစည်းဝေး

ဒီဇင်ဘာ ၁၇ ရက်တွင် အောက်ခြေအဆင့် ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ မြန်မာနိုင်ငံမှ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဘုန်းကျော်ရွှေ ဦးဆောင်သော ကိုယ်စားလှယ် ၁၂ဦးနှင့် ထိုင်းနိုင်ငံမှ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး Mr. Sukhun Opasniputh ဦးဆောင်သည့် ကိုယ်စားလှယ်ရှစ်ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများ၌ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းဖလှယ်ရေး၊ အပြန်အလှန် အကူအညီပေးရေး ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံ ပန်းအလှပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် အခြေခံ ပန်းအလှပြင်သင်တန်းကို ၂၀၀၈ခုနှစ်ဇန်နဝါရီ ၁၀ ရက်မှ ၁၇ ရက်အထိ နေ့စဉ်မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ခုနစ်ရက်ကြာသင်ကြားမည်ဖြစ်သည်။

သင်တန်းသူ အမျိုးသမီး ၃၀ သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖုန်း–၂၅၂၅၇၉ အောင်ဆန်း အားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင် ရယူ၍ ဇန်နဝါရီ ၉ ရက် နောက်ဆုံးထားပြီး ပြန်လည် ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဝင်းလှိုင် မနလ အမှတ်–၉၈၂၈၆၉ မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉၅၁၀၈၅၄၅

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏ သားဖြစ်သူမောင်သက်ဝေထွန်း [၁၂/ ဗတထ (နိုင်) ၀၃၂၈၄၄]သည် မိမိဆန္ဒသဘောအတိုင်း ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် သက်ဆိုင်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း။

မိခင်–ဒေါ်ချိုချိုလွင်
[၁၂/ဗတထ(နိုင်) ၀၁၄၇၇၇]

FARSTAR ကုန်အမှတ်တံဆိပ်သည်ဒေါ်ရန်ဖုန်ရီနှင့်ဦးအုန်းခိုင်တို့၏ မူပိုင်အစစ်ဖြစ်ကြောင်း
အထူးသတိပေးကြေညာချက်

FARSTAR

ရီစစ္စတြီအမှတ် ၂၀၃၅/၉၈

FARSTAR ကုန်အမှတ်တံဆိပ်သည် ဒေါ်ရန်ဖုန်ရီ နှင့်ဦးအုန်းခိုင်တို့၏ မူပိုင်အမှတ်တံဆိပ်ဖြစ်ပါသည်။ FARSTAR အမည်သည်လည်းကောင်း၊ LOGO တံဆိပ်၌ပါရှိသော ခြင်္သေ့ပုံနှင့်မြင်းပုံသည်လည်းကောင်း၊ အောက်ခြေမျက်နှာပြင်ပေါ်ရှိ ကြယ်ပွင့်လေးများသည်လည်းကောင်း၊ FARSTAR ကုန်အမှတ်တံဆိပ်၌ ဖော်ပြပါရှိချက်အားလုံးသည် ဒေါ်ရန်ဖုန်ရီနှင့် ဦးအုန်းခိုင်တို့၏မူပိုင်ဖြစ်ပြီး ဒေါ်ရန်ဖုန်ရီက ရန်ကုန်မြို့စာချုပ်စာတမ်းရုံး၌ ၂၀၃၅/၉၈ဖြင့် (၄-၆-၁၉၉၈) နေ့က FARSTAR ကုန်အမှတ်တံဆိပ်ကို ဦးစွာစတင်ဖော်ပြ၍ တရားဝင် မူပိုင်ရှင်ဖြစ်ကြောင်း မှတ်ပုံတင်ခဲ့ပြီး ဖြစ်သည်။

ကျွန်ုပ်တို့၏ FARSTAR ကုန်အမှတ်တံဆိပ်အမည် LOGO နှင့်ထပ်တူညီသော ကုန်အမှတ်တံဆိပ်ကို ရီစစ္စတြီအမှတ်၁၅၀/၉၉ ဖြင့် မှတ်ပုံတင်ခဲ့ကြောင်းနှင့် ၎င်းတို့သာလျှင် မူပိုင်ရှင်ဖြစ်ကြောင်း (၁၅-၁၂-၂၀၀၇) နေ့ထုတ် ကြေးမုံသတင်းစာတွင် တရားရုံးချုပ်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်ဦးသန်းအောင်က ကြေညာခဲ့ပါသည်။ ကျွန်ုပ်တို့၏ FARSTAR ကုန်အမှတ် တံဆိပ်ကို (၁၉၉၈) ခုနှစ်ကမှတ်ပုံတင်ရီစစ္စတြီလုပ်ခဲ့ပြီး ၎င်းတို့က (၁၉၉၉) ခုနှစ်တွင် ရီစစ္စတြီလုပ်ခဲ့သဖြင့် ကျွန်ုပ်တို့ထက် (၁) နှစ် နောက်ကျပြီး မှတ်ပုံတင်ကြောင်း အများသိရှိနိုင်ပါသည်။ မိမိထက်ဦးစွာ ဖန်တီးမှတ်ပုံတင်ထားသည့် တံဆိပ်ကို မည်သူမှ ထပ်တူထပ်မျှ အသုံးပြုနိုင်ခွင့်မရှိပါ။ သို့ပါ၍ FARSTAR ကုန်အမှတ်တံဆိပ်မှာ ဒေါ်ရန်ဖုန်ရီနှင့် ဦးအုန်းခိုင်တို့သာလျှင် မြန်မာပြည်၏ ကုန်အမှတ်တံဆိပ် မူပိုင်ရှင်အစစ်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်စိုး

B.A., R.L., D.B.L., D.M.L., D.I.L., Diploma in International Business Organisation (UK), Diploma in International Intellectual Property Law (UK)

Councillor of ASEAN Intellectual Property Association

တရားရုံးချုပ်ရှေ့နေနှင့်ကုမ္ပဏီဥပဒေအကြံပေး

ဦးတင့်နိုင်(မြိတ်) (တရားရုံးချုပ်ရှေ့နေ) B.A, H.G.P., D.B.L., D.I.L., D.I.R

ဒေါ်တင်တင်အေး (တရားရုံးချုပ်ရှေ့နေ) L.L.B., D.L 101, WIPO (Geneva)

ဒေါ်မြရီ (အထက်တန်းရှေ့နေ) L.L.B., D.B.L., D.I.L., D.I.R., D.L 101, WIPO (Geneva)

နန်းမိုနာသန်းညွန့် (အထက်တန်းရှေ့နေ) L.L.B., D.B.L., D.L 101, WIPO (Geneva)

ဒေါ်ဇာခြည် (အထက်တန်းရှေ့နေ) L.L.B., D.L 101, WIPO (Geneva)

AUNG SOE & ACE TOP TRADEMARK SERVICES

အမှတ် ၁၅၃၊ ဒုတိယထပ်၊ လမ်း (၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel: 098024141, 705877, 006581685979(Singapore)

E-mail: acetop@mail4u.com.mm, acetop@myanmar.com.mm, aung.soe.u@gmail.com

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုနိုင်ရန် ခေတ်မီဆေးဝါးစက်ရုံများကို ထူထောင်လျက်ရှိ

ဆေးဝါးစက်ရုံများက ထုတ်လုပ်သည့် ဆေးဝါးများ၊ အထူးသဖြင့် အိမ်သုံးဆေးဝါးများကို

ပြည်သူများထံ မြန်မြန်ဆန်ဆန် ပျံ့ပျံ့နှံ့နှံ့ရောက်ရှိအောင် ဆေးဝါးဖြန့်ဖြူးသည့်စနစ်ကို သုံးသပ်စဉ်းစား

ဆေးဝါးစက်ရုံများအတွက် လိုအပ်သော ဆေးဝါးကုန်ကြမ်းများကို ဖြစ်နိုင်သမျှ ပြည်တွင်းမှရအောင် ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)၏ အဆင့်မြင့် G.M.P ဧရိယာ အပိုင်း၌ ပါဝင်သော ဆေးဝါး ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၀

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီတွင် အဆိုပါစက်ရုံ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်နှင့် ပြင်ဦးလွင်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့မှ အဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက အမှာစကားပြောကြားရာ၌

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻